မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၃)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံးတန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု



နေပြည်တော် ဇူလိုင် ၁၉

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ်။

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၀ ရက်)

အမျိုးသားစည်းလုံးညီညွတ်မှုပိုမိုခိုင်မာရေး

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာ့သုံးဆယ်ကျော်တို့ဖြင့် အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာနေထိုင်လာခဲ့သည့်နိုင်ငံဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်ရေး ခိုင်မာစွာတည်ဆောက်ထားနိုင်သည့်အတွက် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ဟူ၍ သမိုင်းတွင်မော်ကွန်းတင်နိုင်ခဲ့သည်။ အခြေအနေအရပ်ရပ်ကြောင့် မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံအဖြစ်သို့ ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်ကာ မြန်မာနိုင်ငံကိုနယ်ချဲ့လာသည့်အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားတော်လှန်ရေးသမားများကို ၁၀ နှစ်တိုင်တိုင် ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရသည်။ ဤမျှတိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မာအားကောင်းခဲ့သည်။ နယ်ချဲ့တို့က မြန်မာတစ်နိုင်ငံလုံးကိုလွှမ်းခြုံအုပ်စိုးရသည့်အခါ ခိုင်မာနေသောတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲခဲ့သည်။ တောင်ပေါ်နှင့်မြေပြန့်သွေးခွဲအုပ်ချုပ်ခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ နယ်မြေပိုင်းခြားခြင်း စသည်တို့ဖြင့်နည်းမျိုးစုံလုပ်ဆောင်ခဲ့သည်။ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ကြိုးပမ်းမှုအရ လွတ်လပ်ရေးပေးရခါနီးတွင်ပင် ခွဲခြားကာလွတ်လပ်ရေးပေးလိုသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံမြို့တွင်တွေ့ဆုံ၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုကာ မြန်မာတစ်နိုင်ငံလုံးလွတ်လပ်ရေးရရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်သည့်မြန်မာနိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး (ဝါ) အမျိုးသားညီညွတ်ရေးမှာ မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ဖဆပလအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာညီလာခံတွင် "အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကိုမဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏အလိုဆန္ဒများကိုပြည့်ဝနိုင်ရန် အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကိုဆိုလိုသည်" ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။ အမျိုးသားညီညွတ်ရေးကိုအလေးထားကာ မီးမောင်းထိုးပြပေးခဲ့ခြင်းဖြစ်သည်။

"စည်းလုံးညီညာအောင်ကြောင်းဖြာ" ဆိုသည့်အတိုင်း စည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံအတွက်၊ မိသားစုတစ်စုအတွက်လွန်စွာအရေးကြီးလှသည်။ စည်းလုံးညီညွတ်မှုမရှိလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အလှမ်းဝေးနေမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းရောင်စုံသောင်းကျန်းမှုများလည်းပေါ်လာခဲ့သည်။ လွတ်လပ်ရေးသက်တမ်းနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည်။ လွတ်လပ်ရေးသည် ပြန်လည်ဆုံးရှုံးရတော့မည့်အခြေအနေဆိုးကြီးနှင့် ကြုံတွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်တို့စတင်တည်ထောင်ခဲ့သောတပ်မတော်သည် နိုင်ငံတော်အပေါ်သစ္စာစောင့်သိခဲ့သည်။

ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်ကိုဦးဆောင်ကာ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကိုတိုက်ဖျက်နိုင်ခဲ့သည်။ ရန်ကုန်အစိုးရဟုခေါ်ဝေါ်နေသည့်အဖြစ်ဆိုးကို ရိုက်ချိုးနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ခိုင်မာစွာတည်ဆောက်ဖွဲ့စည်းထားသည့် တပ်မတော်တစ်ရပ်ရှိနေသည့်အတွက် နိုင်ငံတွင် အခက်အခဲနှင့်ကြုံလာလေတိုင်း တပ်မတော်ကဦးဆောင်ဖြေရှင်းပေးနိုင်ခဲ့သည်။ တပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်းအလေးထားမှာကြားခဲ့သည့်အတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်၏အမျိုးသားနိုင်ငံရေးဖြစ်သည်။ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက်ခဲ့သည့်အတွက် နိုင်ငံတော်၏လွတ်လပ်ရေးသည် ယနေ့တိုင်တည်တံ့ခိုင်မြဲလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်များကျဆုံးခဲ့သည့် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်များအား လွမ်းသူ့ပန်းခွေချကာအလေးပြုခဲ့သည်။ အခမ်းအနားသို့တက်ရောက်လာကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစုများကိုလည်း ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများကိုအလေးထားသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ဆန္ဒကို အလေးထားလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေးတို့အား အလေးထားကာ **ပြည်ထောင်စုအကျိုးအတွက်ဖိတ်ခေါ်ချက်**ကို ဇူလိုင်လ ၅ ရက်နေ့တွင် ထုတ်ပြန်ထားသည်။ ဤဖိတ်ခေါ်ချက်ကိုအလေးထားကာ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သည့် **အမျိုးသားစည်းလုံးညီညွတ်မှုပိုမိုခိုင်မာရေး**ကို တက်ညီလက်ညီအကောင်အထည်ဖော်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

လှိုင်းဘွဲ့မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်

လှိုင်းဘွဲ့ ဇူလိုင် ၁၉

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ ဇူလိုင်လ ၁၈ ရက် နံနက်ပိုင်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးရဲခေါင်သန်းဇော်နှင့် သင်တန်းနည်းပြများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းအဆင့်ဆင့်တို့ကို ဆွေးနွေးသင်ကြားပို့ချပေးကြသည်။

သင်တန်းကို ဇူလိုင်လ ၁၈ ရက်မှ ဩဂုတ်လ ၃ ရက်အထိ သင်တန်းသား ဆရာ၊ ဆရာမ ၁၀၀၀ ဦးတို့အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

မိတ္ထီလာ-သာစည်လမ်းမှ ဂုံကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ ပေ ၈၀ ကွန်ကရစ်တံတား(ဒုတိယပိုင်း)တည်ဆောက်

မိတ္ထီလာ ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာ-သာစည်လမ်းမှ ဂုံကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ ပေ ၈၀ ကွန်ကရစ်တံတား(ဒုတိယပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများက ဇူလိုင်လ ၁၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းနှင့် မိတ္ထီလာခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နင်းနှင်းအိလှိုင်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၁၈၆ သန်းဖြင့် မိတ္ထီလာ-သာစည်လမ်းမှ ဂုံကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းပေါ်ရှိ အရှည် ပေ ၈၀ ၊ အကျယ် ပေ ၂၀ ရှိ ကွန်ကရစ်တံတား(ဒုတိယပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။ (၆၀၂)

MWD Education, Knowledge & Sports Channel

၂၀-၇-၂၀၂၅(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	-	၀၉:၅၆	Grade - 11	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိ်ာ
၂။	၁၂:၀၀	-	၁၄:၀၁	Grade - 11	ဓာတုဗေဒ၊ ရူပဗေဒ
၃။	၁၆:၀၀	-	၁၇:၀၅	Grade - 11	ရူပဗေဒ၊ ဇီဝဗေဒ
၄။	၁၇:၀၅	-	၁၉:၃၀	Grade - 11	ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

သဇင်(FM)အသံလွှင့်အစီအစဉ်

၂၀-၇-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။ ၁၃:၅၀	Music Crazy
		၄။ ၁၄:၅၅	Sporty Zone
၂။ ၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	၅။ ၁၈:၂၀	Relaxing Moment
		၆။ ၂၁:၄၀	အသံလွှင့်ဓာတ်လမ်း

မြဝတီ ခနုစဉ် The MyawadyDaily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၁၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် သင်ကြားရေးတာဝန်များသာမက တက္ကသိုလ်ဝင်တန်း အဖြေလွှာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဆရာ၊ ဆရာမများအား လုံးကို ကျေးဇူးတင်ရှိကြောင်း၊ ပါရဂူတန်းဖွင့်လှစ်ရန်ကျန်ရှိသည့် ဘာသာရပ်များအနေဖြင့် လာမည့်စာသင်နှစ်များတွင် ပါရဂူတန်းများဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘွဲ့လွန်ကျောင်းသားများ၊ ဘွဲ့ကြိုကျောင်းသားများ အနေဖြင့် သုတေသနလုပ်ငန်းများ၊ စုပေါင်း Project များဆောင်ရွက်ရာတွင် အားလုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်စေရေး ပါမောက္ခများအနေဖြင့် ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနအလိုက် ပါမောက္ခဌာနမှူးများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်၊ သၿဃိန်းကျွန်းပညာရေးဒီဂရီကောလိပ် သို့သွားရောက်ပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးသည် အရေးကြီးကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍတိုးတက်ရေးသည် အဓိကအရေးကြီးကြောင်း၊ သင်တန်းသား၊ သင်တန်းသူများသည် အဓိကနေရာမှ ပါဝင်ဆောင်ရွက်ကြရမည့် ဆရာ၊ ဆရာမလောင်းများဖြစ်ကြောင်း၊ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကို ပညာရေးထူးချွန်ရုံသာမက လိမ္မာယဉ်ကျေးပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ရှိရန်နှင့် ယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထားတတ်စေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မကြာမီသင်ကြားရေးတာဝန်များထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြသောအခါ ပါတီနိုင်ငံရေးကင်းရှင်းကြရန်၊ မိမိတို့၏ သင်ကြားရေးတာဝန်များကိုသာ အထူးဂရုပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

မြဝတီ

ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရုံးခွဲတာဝန်များ၏ လုပ်ငန်းဆောင်တာများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးကိုရှေးရှု၍ နိုင်ငံ့ဝန်ထမ်းများပီသစွာ တာဝန်ထမ်းဆောင်ကြရေး မှာကြားသည်။



ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းထိုက်ဟိုတယ်၌ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ထို့နောက် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်) ဥက္ကဋ္ဌနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်တို့က အသင်း၏ဆောင်ရွက်နေမှုအခြေအနေများ၊ ပြင်ဦးလွင်သို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသများဖော်ထုတ်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ပန်းမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက် Sport Tourism, Golf Tourism, Festival Tourism တို့ကို အကောင်အထည်ဖော်၍ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံပိုင်ဌာနရမ်းထားသည့် ဟိုတယ်များသို့သွားရောက်ပြီး ဟိုတယ်အဆောက်အအုံများ၊ အခန်းများမွမ်းမံပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့၏ ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သော တရုတ်ဘုံကျောင်းသို့သွားရောက်ကာ ခရီးသွားများကိုဝန်ဆောင်မှုပေးနေမှုအခြေအနေများ၊ ခရီးသွားများ လည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ "ဝ"၊ ကချင်အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ စကောဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကယားဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

(၁-၈-၂၀၂၅)မှ (၃၀-၁၁-၂၀၂၅)ထိ

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်အချိန်စာရင်း

စဉ်	ဘာသာ	ထုတ်လွှင့်ချိန်
၁	စကောကရင်	၆:၀၀ - ၇:၀၀ နာရီ
၂	အနောက်ပိုးကရင်	၇:၀၀ - ၈:၀၀ နာရီ
၃	အရှေ့ပိုးကရင်	၈:၀၀ - ၉:၀၀ နာရီ
၄	ချင်း(လိုင်ဇိုး)	၉:၀၀ - ၁၀:၀၀ နာရီ
၅	ချင်း(ချိုး)	၁၀:၀၀ - ၁၁:၀၀ နာရီ
၆	မွန်	၁၁:၀၀ - ၁၃:၀၀ နာရီ
၇	ရခိုင်	၁၃:၀၀ - ၁၅:၀၀ နာရီ
၈	ရှမ်း	၁၅:၀၀ - ၁၇:၀၀ နာရီ
၉	"ဝ"	၁၇:၀၀ - ၁၉:၀၀ နာရီ
၁၀	ကချင်	၁၉:၀၀ - ၂၁:၀၀ နာရီ
၁၁	ကယား	၂၁:၀၀ - ၂၃:၀၀ နာရီ

- တိုင်းရင်းသားအစီအစဉ် ၁၁ ဘာသာကို နေ့စဉ်နံနက် ၀၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ချိန် ၁၇ နာရီထုတ်လွှင့်လျက်ရှိသည်။
- လေးလတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၃၃)ကြိမ်မြောက်ဖြစ်သည်။

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၁·c
ရန်ကုန်	၂၅·c	/	၃၀·c
မန္တလေး	၂၆·c	/	၃၄·c


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

(၃၈)ဖြာမဂ်လာ

စောင့်သိမျိုးနွယ်(ဥတကာနဥ္စ သဂ်ဟော)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



သည်နေ့ လေးလေးချစ်တိုး ရန်ကုန်ပြန်မည်ဖြစ်သည်။

လေးလေးအထုပ်အပိုးပြင်နေစဉ်မှာပင် "လမ်းရွာ"မှ ဦးဝင်းမော်က သြဇာသီးတစ်ခြင်းနှင့် အိမ်ပေါ်သို့ တက်လာသည်။ ဦးဝင်းမော်သည် ဖေဖေနှင့် ညီအစ်ကို နှစ်ဝမ်းကွဲတော်စပ်သူဖြစ်လေသည်။

"ချစ်တိုး ပြန်တော့မယ်ဆိုတာနဲ့ ကြီးမေစားဖို့ သြဇာသီးလာပေးတာပါ" ဦးဝင်းမော်က ရန်ကုန်မြို့နေ ဘွားဘွားဒေါ်အေးမှင်အတွက် သြဇာသီးခြင်းကို လေးလေးချစ်တိုးသို့ ပေးလိုက်သည်။

"ကျေးဇူးပဲကွာ" လေးလေးချစ်တိုးက ကျေးဇူးတင်စကားဆိုလိုက်ပါသည်။

"ကိုလေးဆီမှာ အကူအညီတောင်းချင်လို့"

ဦးဝင်းမော်က ဖေဖေ့အနားမှာဝင်ထိုင်ရင်း စကား စလိုက်ပါသည်။

"ပြော . . . ဘာကူညီရမလဲ"ဟု ဖေဖေက အလိုက်သင့် ပြန်မေးလိုက်ပါသည်။

"လယ်ထဲကို ဓာတ်မြေဩဇာထည့်ချင်လို့ဗျာ၊ အဲဒါ ငွေလေးနှစ်သောင်းလောက် ခဏလှည့်ပါ"

ဖေဖေက ပြုံးပါသည်။ ပြီးတော့ မမေ့ဘက်ကို လှည့်ကာ ခေါင်းညိတ်ပြပါသည်။ မမေက အခန်းတွင်းသို့ဝင်ကာ ငွေနှစ်သောင်းကိုယူလာပြီး ဦးဝင်းမော်သို့ကမ်းလိုက်ပါသည်။

"ကျေးဇူးပါကိုလေးရာ၊ ကျွန်တော် ဆက်ဆက် ပြန်ဆပ်ပါ့မယ်" ဦးဝင်းမော်က ဖေဖေ့ကိုခွင့်ပန်ကာ ဝမ်းသာအားရ ပြန်လည်ထွက်ခွာသွားပါသည်။ ဖေဖေက

"ကဲ ချစ်တိုးပြန်ဖို့လုပ်ကြဦးစို့"ဟု သတိပေးမှ စိုးသူနှင့် စိုးသူအဖေက လေးလေးကို ပြည်ကားဂိတ်သို့ လိုက်ပို့ကြသည်။ စိုးသူတို့မိသားစုက မှော်ဇာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဩဇာသီးနှင့် ငှက်ပျောသီးတို့ကို လက်ဆောင်ပေးလိုက်သည်။ ထို့ပြင် စိုးသူအဖေက ဘွားဘွားဒေါ်အေးမှင်ကို ငွေငါးသောင်းကန်တော့လိုက်သေးသည်။ ဘွားဘွားဒေါ်အေးမှင်သည် မှော်ဇာဇာတိဖြစ်သော်လည်း ယခုအခါ သားငယ်ဖြစ်သူ ဦးချစ်တိုးနှင့်အတူ ရန်ကုန်မြို့၌ သွားရောက်နေထိုင်လျက်ရှိသည်။ စိုးသူအဖေက လူကြုံရှိလျှင်ရှိသလို ဘွားဘွားဒေါ်အေးမှင်ကို ပံ့ပိုးထောက်ပံ့လျက်ရှိသည်။

တစ်ချိန်တုန်းက ဘွားဘွားဒေါ်အေးမှင်၏ ခင်ပွန်းဖြစ်သူ စိုးသူတို့ဘိုးဘိုးသည် မှော်ဇာကျေးရွာအုပ်စု၌ လူချမ်းသာတစ်ဦးဖြစ်ခဲ့ဖူးသည်။ ဘိုးဘိုးဦးငွေဆင့်၏ ချမ်းသာကြွယ်ဝမှုသည် မှော်ဇာ၌ ပုံပြင်တစ်ပုဒ်ပမာ ယနေ့တိုင်ပြောကြားလျက်ရှိသည်။ ဘိုးဘိုးသည် ဆွေမျိုးနှင့် ရပ်နှင့်ရွာနှင့် အများနှင့်ဆက်ဆံနေရသော အခါ မှော်ဇာကျေးရွာအုပ်စုကြီး၌ မိမိတစ်ယောက်တည်း ချမ်းသာကြွယ်ဝရုံ၊ အေးငြိမ်းရုံမျှနှင့် မလုံလောက်ဟု စဉ်းစားခဲ့သူဖြစ်သည်။ ရွာမှာအိမ်ခြေတစ်ရာကျော်ရှိပြီး ကိုးဆယ်ကျော်မှာနွမ်းပါးသည်။ သင့်တင့်ရုံမိသားစုက လက်တစ်ဆုပ်စာမျှသာရှိသည်၊ ထိုသူအပေါင်းတို့ကလည်း ဘိုးဘိုးနှင့်ဆွေရိပ်မကင်း ဦးဝင်းမော်ထံမှမျက်နှာလွဲကာ ပြန်ရန် ပြင်ဆင်ကြပါတော့သည်။

စိုးသူနှင့် စိုးသူအဖေက လေးလေးကို ပြည်ကားဂိတ်သို့ လိုက်ပို့ကြသည်။ စိုးသူတို့မိသားစုက မှော်ဇာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဩဇာသီးနှင့် ငှက်ပျောသီးတို့ကို လက်ဆောင်ပေးလိုက်သည်။ ထို့ပြင် စိုးသူအဖေက ဘွားဘွားဒေါ်အေးမှင်ကို ငွေငါးသောင်းကန်တော့လိုက်သေးသည်။ ဘွားဘွားဒေါ်အေးမှင်သည် မှော်ဇာဇာတိဖြစ်သော်လည်း ယခုအခါ သားငယ်ဖြစ်သူ ဦးချစ်တိုးနှင့်အတူ ရန်ကုန်မြို့၌ သွားရောက်နေထိုင်လျက်ရှိသည်။ စိုးသူအဖေက လူကြုံရှိလျှင်ရှိသလို ဘွားဘွားဒေါ်အေးမှင်ကို ပံ့ပိုးထောက်ပံ့လျက်ရှိသည်။

တစ်ချိန်တုန်းက ဘွားဘွားဒေါ်အေးမှင်၏ ခင်ပွန်းဖြစ်သူ စိုးသူတို့ဘိုးဘိုးသည် မှော်ဇာကျေးရွာအုပ်စု၌ လူချမ်းသာတစ်ဦးဖြစ်ခဲ့ဖူးသည်။ ဘိုးဘိုးဦးငွေဆင့်၏ ချမ်းသာကြွယ်ဝမှုသည် မှော်ဇာ၌ ပုံပြင်တစ်ပုဒ်ပမာ ယနေ့တိုင်ပြောကြားလျက်ရှိသည်။ ဘိုးဘိုးသည် ဆွေမျိုးနှင့် ရပ်နှင့်ရွာနှင့် အများနှင့်ဆက်ဆံနေရသော အခါ မှော်ဇာကျေးရွာအုပ်စုကြီး၌ မိမိတစ်ယောက်တည်း ချမ်းသာကြွယ်ဝရုံ၊ အေးငြိမ်းရုံမျှနှင့် မလုံလောက်ဟု စဉ်းစားခဲ့သူဖြစ်သည်။ ရွာမှာအိမ်ခြေတစ်ရာကျော်ရှိပြီး ကိုးဆယ်ကျော်မှာနွမ်းပါးသည်။ သင့်တင့်ရုံမိသားစုက လက်တစ်ဆုပ်စာမျှသာရှိသည်၊ ထိုသူအပေါင်းတို့ကလည်း ဘိုးဘိုးနှင့်ဆွေရိပ်မကင်း သူများဖြစ်ပြီး လုပ်ခစားလယ်သမားတွေပါဝင်သည်။ သည်တော့ ဘိုးဘိုးထံ နေ့စဉ်လာချေးငှားကြသည်။ ချေးငှား၍မရခဲ့လျှင် သူတို့လုယက်လာနိုင်သည်ကို ဘိုးဘိုးသိ၍ ချေးငှားပေးရသည်။

ဘိုးဘိုးက ချေးငှားထောက်ပံ့မှုပြုသည်၊ ကြီးပွားရာလုပ်ငန်းတို့ကိုလည်း ညွှန်ပြသည်။ အရင်းစိုက်ထုတ်ပေးသည်တို့လည်းရှိသည်။ ကြာတော့ မှော်ဇာအုပ်စုသည် ဘိုးဘိုး၏ပေးကမ်း၊ ချီးမြှင့်၊ စောင့်ရှောက်မှုတို့ကြောင့် လုပ်ငန်းဆောင်တာများ အဆင်ပြေလာသည်။ ရပ်ဆွေရပ်မျိုး၊ ရွာဆွေမျိုးတို့ကို စောင့်ရှောက်ရ၍ ဘိုးဘိုးဝမ်းသာရသလို စောင့်ရှောက်ခံရသူတို့ကလည်း ကျေးဇူးတင်နေကြသည်။ ထို့ဖြစ်ရပ်သည် မှော်ဇာ၌ရှိခဲ့ဖူးသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

ယခုအခါ ဖေဖေသည်လည်း ဘိုးဘိုးလို ပေးကမ်း၊ ချီးမြှင့်၊ ထောက်ပံ့မှုမျိုး ပြုလုပ်လျက်ရှိပါသည်။ နောင်တစ်ချိန်၌ ဖေဖေသည် ဘိုးဘိုးလိုဖြစ်လာမည်။ မိမိသည်လည်း ဖေဖေ့နေရာ၊ ဘိုးဘိုးနေရာကို ရောက်လာမည်။ ဆွေမျိုးမိတ်ဆွေတို့ကို စောင့်ရှောက်တတ်ရမည်ဟု စိုးသူနားလည်လိုက်မိပါသည်။

လေးလေးချစ်တိုးစီးသော ပြည်-ရန်ကုန်မော်တော်ကားကြီးက ထွက်ခွာသွားပေပြီ။ လေးလေးတို့မိသားစုနွယ်ဝင်ဖြစ်သော ဘိုးဘိုးပေးခဲ့သောအသိသည်ကား စိုးသူရင်ထဲမှ မည်သည့်အချိန်မှ ထွက်သွားတော့မည် မဟုတ်ပါချေ။

လူငယ်ဖတ်စာ

နောင်တမရကြုံစေချင်

အသက်အရွယ်ကြီးရင့်လာတဲ့အခါ ခွန်အားယုတ်လျော့လာတယ်။ ငယ်စဉ်ကလို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး။ သွက်သွက်လက်လက်၊ ချက်ချက်ချာချာ၊ လျင်လျင်မြန်မြန် မဟုတ်တော့ပါဘူး။ လေးလံလာတယ်၊ နှေးကွေးလာတယ်၊ ထုံထိုင်းလာတယ်။ ဒါကြောင့် သက်ကြီးရွယ်အို များကို အိုမင်းမစွမ်းသူများလို့ ခေါ်ကြတာပေါ့။

အိုမင်းမစွမ်းအရွယ်ရောက်နေသူများမှာ နုပျိုသန်စွမ်းတဲ့အရွယ်၊ ငယ်စဉ်တုန်းက လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ခဲ့တာလည်းရှိမယ်၊ မလုပ်ခဲ့တာလည်းရှိမယ်။ ပြုသင့်တာတွေကို ပြုခဲ့တာလည်းရှိမယ်၊ မပြုခဲ့တာလည်းရှိမယ်။ ဆောင်သင့်တာတွေကို ဆောင်ခဲ့တာလည်းရှိမယ်၊ မဆောင်ခဲ့တာလည်းရှိမယ်။ ရှောင်သင့်တာတွေကို ရှောင်ခဲ့တာလည်းရှိမယ်၊ မရှောင်ခဲ့တာလည်းရှိမယ်။ နုပျိုငယ်ရွယ်စဉ်တုန်းက ပြုသင့်တာတွေကို မပြုခဲ့ရင်၊ လုပ်သင့်တာတွေကို မလုပ်ခဲ့ရင်၊ ဆောင်သင့်တာတွေကို မဆောင်ခဲ့ရင်၊ ရှောင်သင့်တာတွေကို မရှောင်ခဲ့ဘူးဆိုရင် အိုမင်းမစွမ်းအရွယ်ရောက်တဲ့အခါမှာ နောင်တရကြရတော့တာပါပဲ။ အိုမင်းမစွမ်းအရွယ်ရောက်တော့မှ ရလာတဲ့နောင်တက စိတ်အေးချမ်းသာမှုကို မဖြစ်စေပါဘူး။ စိတ်ဆင်းရဲစရာ၊ ပူပန်စရာများကိုပဲဖြစ်စေပါတယ်။

အိုမင်းမစွမ်းအရွယ်မှာ ဖြစ်ပေါ်လာလေ့ရှိတဲ့ နောင်တ ၁၀ ပါး ရှိပါတယ်။ အဲဒီနောင်တ ၁၀ ပါးကတော့-

(၁) အတတ်ပညာသင်ယူရမယ့်အရွယ်မှာအတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင် မသင်ယူခဲ့မိတာ၊

(၂) ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရမယ့်အရွယ်မှာ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရန်မေ့လျော့ပြီး အချိန်ကုန်လွန်ခဲ့မိတာ၊

(၃) သူတစ်ပါးရဲ့ကောင်းကျိုးချမ်းသာကိုမလိုလားဘဲ ပျက်စီးအောင် ချောက်တွန်းကုန်းချော အတင်းပြောခဲ့မိတာ၊

(၄) ကိုယ်ချင်းမစာ၊ မညှာတာဘဲ ယုတ်မာရက်စက်ခဲ့မိတာ၊

(၅) သူတစ်ပါးရဲ့သားမယားကို ကျူးလွန်ပြစ်မှားစော်ကားခဲ့မိတာ၊

(၆) ပစ္စည်းဥစ္စာရှိပါလျက်နဲ့ အနည်းငယ်ကိုမျှ မစွန့်ကြဲ၊ မပေးကမ်း၊ မလှူဒါန်းခဲ့မိတာ၊

(၇) အမိအဖတို့ကို အလုပ်အကျွေးမပြုခဲ့မိတာ၊

(၈) အမိအဖ၊ ဆရာသမား၊ လူကြီးသူမတွေရဲ့ သွန်သင်ဆွန်းပြ ဆိုဆုံးမတာတွေကို မနာယူခဲ့မိတာ၊

(၉) သီလမြဲမြံအကျင့်မှန်ပြီး ဉာဏ်ရည်ပြည့်ဝတဲ့ ပညာရှိတွေထံ မဆည်းကပ်ခဲ့မိတာ၊

(၁၀) သူတော်မဟုတ် သူယုတ်တို့ရဲ့အကျင့်ကို ကျင့်ခဲ့မိတာတွေပဲ ဖြစ်ပါတယ်။

ယနေ့ တူ၊ တူမလေးတို့အရွယ် လူငယ်မောင်မယ်တွေကလည်း နောင်တစ်ချိန်မှာ အိုမင်းမစွမ်းအရွယ်ကို မလွဲမသွေရောက်ရှိကြရမှာပါ။ အိုမင်းမစွမ်းအရွယ်ရောက်ရှိတဲ့အခါမှာ နောင်တ ၁၀ ပါးမရရှိအောင် ကြိုးစားအားထုတ်ကြရပါမယ်။ နုပျိုစဉ်အရွယ်ငယ်စဉ်အခါမှာ အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့ကျင့်ကြရပါမယ်။ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းကြရပါမယ်။ သူတစ်ပါးရဲ့ကောင်းကျိုးချမ်းသာကို လိုလိုလားလား အားပေးဖေးမကူညီစောင့်ရှောက်ကြရပါမယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားပြီးတော့ သနားကြင်နာကိုယ်ချင်းစာစိတ်မွေးကြရပါမယ်။ သူတစ်ပါးရဲ့သားမယားကိုလည်း မပြစ်မှားမိအောင်၊ မကျူးလွန်မိအောင်၊ မစော်ကားမိအောင် စောင့်စည်းကြရပါမယ်။ စွန့်ကြဲပေးကမ်းလှူဒါန်းကြရပါမယ်။ အမိအဖတွေကို အလုပ်အကျွေးပြုကြရပါမယ်။ အမိအဖ၊ ဆရာသမား၊ လူကြီးသူမတွေက သွန်သင်ဆုံးမတာတွေကို နာယူကျင့်ဆောင်ကြရပါမယ်။ ပညာရှိတွေထံ ချဉ်းကပ်ဆည်းပူးကြရပါမယ်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံးရှိတဲ့ သူတော်စင်သူတော်ကောင်းတွေရဲ့ ထုံးတမ်းနည်းနာတွေကို လိုက်နာကျင့်သုံးကြရပါမယ်။ ငယ်နုစဉ်အရွယ်မှာ ဒီလိုကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့မယ်ဆိုရင် အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ နောင်တရစရာမရှိတော့ပါဘူး။

နောင်တဆိုတာက "ပြုသင့်သည်ကို မပြုမိ၍ဖြစ်စေ၊ မပြုသင့်သည်ကို ပြုမိ၍ဖြစ်စေ ပူပန်ခြင်း"ပါပဲ။ ဒါကြောင့် နောင်တစ်ချိန်မှာ နောင်တမရစေရအောင်လို့ အခုလို နုပျိုသစ်လွင်တဲ့အရွယ်မှာ ပြုသင့်တာတွေကို ပြုလုပ်ဖို့၊ ဆောင်စရာတွေကိုဆောင်ဖို့၊ မပြုသင့်တာတွေကို မပြုလုပ်မိစေဖို့၊ ရှောင်စရာတွေကိုရှောင်ဖို့ တိုက်တွန်းလိုက်ပါတယ်။ ။

မောင်ကျော်(ပညာရေး)



ပရာနုဝါဒဘေး

မောင်ဆောင်းရဲ့ဆံပင်က မွေးရာပါကို လိပ်ခွေကောက်နေတာ။ နည်းနည်းလေးများ ဖြောင့်လာမလားလို့ အရှည်ထားလိုက်တော့ ဝိုင်းပြောကြတယ်။

"ဆံပင်ကိုက ဖရိုဖရဲနဲ့၊ ကောက်ရိုးပုံ ကျွဲပွတ်ထားသလိုပါပဲလားကွာ"တဲ့။

အဲဒါနဲ့ မတိုမရှည်လေးဘဲ ထားလိုက်ရတယ်။

"ခုမှ ကောက်မှန်း ပိုသိသွားတာဟော့၊ ပြောင်းဖူးမွှေး ကြက်ခွပ်ထားသလိုပဲဟ"တဲ့။

နောက်ဆုံးတော့ အပြစ်လွတ်အောင်ဆိုပြီး အတိုလေးညှပ်လိုက်တော့မှပဲ. . .

"အေးဟ. . သည်လို တိုတိုကပ်ကပ် ဘုန်းကြီးခြေသုတ်ဖုံမျိုးလေးက ကြည့်ကောင်းသေး"တဲ့။

မြိုးစလိုး

⇨ ကျော်ဖုံးမှအဆက်

ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရုပ်ရှင်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ်အဆင့်မြှင့်တင်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးပါက ရရှိလာနိုင်မည့်အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❖ ရုပ်ရှင်ရုံအားအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီသည့် ရုပ်ရှင်ရုံတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လို၊ ရုပ်ရှင်ရုံ၏ယခင်မူလမှတ်တမ်းဓာတ်ပုံများအား ပြန်လည်စုဆောင်း၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လို၊ ရုပ်ရှင်ရုံပတ်ဝန်းကျင်၌ ကားရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာမှုအဆင်ပြေစေရေး လူသွားစင်္ကြံများအား စနစ်တကျဆောင်ရွက်ပေးသွားရန် လို၊ အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းက ဝဇီရာရုပ်ရှင်ရုံသမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက်ရုပ်ရှင်ဇာတ်ကားများ ပြသခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး ရုပ်ရှင်ရုံအားအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီသည့် ရုပ်ရှင်ရုံတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံ၏ယခင်မူလမှတ်တမ်းဓာတ်ပုံများအား ပြန်လည်စုဆောင်း၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံပတ်ဝန်းကျင်၌ ကားရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာမှုအဆင်ပြေစေရေး လူသွားစင်္ကြံများအား စနစ်တကျဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားအဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်းရှိမြန်မာနိုင်ငံတွင်ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့်အထိမ်းအမှတ်အနေဖြင့် တည်ဆောက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါ ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်တွင် တည်ဆောက်ထားရှိခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အဦတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

စာဆိုဗိမာန် အဆောက်အဦတည်ဆောက်ရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဗိသုကာပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့်အထိမ်းအမှတ်အနေဖြင့် တည်ဆောက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အဦအား ၃ ထပ်အဆောက်အဦအဖြစ် တည်ဆောက်လျက်ရှိမှု၊ အဆောက်အဦအား စနစ်တကျတည်ဆောက်နိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိမှု၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြန်းများခင်းကျင်းပြသနိုင်ရေးစီမံဆောင်ရွက်ထားရှိမှုနှင့် ယခင် ၃ ထပ်အဆောက်အဦအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများအား သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် အဆောက်အဦများဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ စာဆိုဗိမာန်အဆောက်လုပ်ပြီးစီးပါက ဓာတ်ပုံများနှင့် သမိုင်းအထောက်အထားစာရွက်စာတမ်းများအား ခင်းကျင်းပြသရာတွင် ကြည်လင်ပြတ်သားစွာပြသထားရှိနိုင်ရန်လိုကြောင်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် အဆောက်အဦအား ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် ဆိတ်ငြိမ်စွာဖြင့် စာပေဖတ်မှတ်လေ့လာနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဆောက်အဦလုပ်ငန်းများအပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကိုလည်း စီမံဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါစာဆိုဗိမာန် အဆောက်အဦကို ၃ ထပ်အဆောက်အဦအဖြစ်တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့်ပြခန်းများ၊ သမိုင်းဝင်ကဗျာများခင်းကျင်းပြသမည့်ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်ဆက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည်ဖြစ်သည်။

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် ၃ ထပ်အဆောက်အဦ၏ ပထမထပ်တွင်တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဟူသော စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများအသိဉာဏ်ပညာတိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အဦအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

၁၉-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မှတ်သားဖွယ်ရာမိုးရေချိန်များ ၁၉-၇-၂၀၂၅

ပူတာအို	၂ ဒသမ ၅၆ လက်မ		ပျဉ်းမနား	၁ ဒသမ ၉၇ လက်မ	
ငါးသိုင်းချောင်း	၂ ဒသမ ၃၆ လက်မ		ပေါင်	၁ ဒသမ ၉၀ လက်မ	
မဒေါက်	၂ ဒသမ ၂၅ လက်မ		သထုံ	၁ ဒသမ ၇၇ လက်မ	
လယ်ဝေး	၁ ဒသမ	၆၉ လက်မ			
နေပြည်တော် (ဧယျာသီရိမြို့နယ်)	၁ ဒသမ	၆၁ လက်မ			
ထားဝယ်	၁ ဒသမ	၅၈ လက်မ			
ရွှေကျင်	၁ ဒသမ	၅၄ လက်မ			

“ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်း တိုင်းသူပြည်သားအားလုံး တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ကိုင်သွားကြဖို့လိုပါတယ် ”

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်



၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်ဂါရဝပြုခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံပိုင်မီဒီယာများက အာဇာနည်နေ့အခမ်းအနားနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ ပြန်လည်ဖြေကြားမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

“ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်၊ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ပြောကြားချက်တွေမှာ အများကြီးပါပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိရှိနေတဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်။ ဝိုင်းဝန်းကြိုးစားတဲ့အခါမှာလည်း အားလုံးညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကို တကယ်ကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့လုပ်ကြတာကောင်းပါတယ်။ ဗိုလ်ချုပ်တို့က အသက်စွန့်ပြီးတော့ အသက်ပေးပြီးတော့လုပ်သွားကြတာပါ။ ဒါ့အပြင် တိုင်းပြည်ရဲ့တန်ဖိုးက လွတ်လပ်ရေးပါ။ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒါတွေရှိတယ်။ သို့သော်လည်း စည်းနဲ့ကမ်းနဲ့ ဖြစ်တဲ့စနစ်မျိုးတော့ဖြစ်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် အန္တရာယ်လည်းရှိပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ တိုင်းသူပြည်သားအားလုံး တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကိုင်သွားကြဖို့လိုပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။”

မြဝတီ

ပဲခူးခရိုင်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာများပေးအပ်



ပဲခူး ဇူလိုင် ၁၉

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးခရိုင်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာ(Drum Seeder)များ ပေးအပ်ပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင်လ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ထွက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် စီးပွားရေးရာဝန်ကြီးဦးတင်ဦးတို့က ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်တို့မှ ဒေသခံတောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ထုတ်လုပ်ခဲ့သော မျိုးစေ့ချကိရိယာ (Drum Seeder) ၁၅၀ လက်ကို ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက မျိုးစေ့ချကိရိယာ (Drum Seeder)များနှင့် ပဲခူးတိုင်းဒေသကြီးမှ ထပ်မံထုတ်လုပ်ရောင်းချလျက်ရှိသော လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်သရုပ်ပြသမှုတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း စပါးသီးနှံအပါအဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး လယ်ယာကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေး၊ ယခုနှစ်စိုက်ပျိုးရာသီတွင် စိုက်နည်းစနစ်မှန်ကန်စေရေးအတွက် ပေးအပ်လိုက်သည့် Drum Seeder များကို အကျိုးရှိရှိစနစ်တကျ စံနမူနာပြသုံးစွဲရန်နှင့် စပါးသီးနှံအပါအဝင် အဓိကသီးနှံများ

(၄၀၁)၊ တင်စိုး(ပဲခူး)

စဉ့်ကိုင်မြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

စဉ့်ကိုင် ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်း (ကသဲစု) တို့ ပူးပေါင်း၍ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို ယနေ့တွင် မြို့နယ်လူထုအခြေပြုဇာတိဌာနဌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူတိုက်ပွဲဝင်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ဟောပြောကာ ကျောင်းသား၊ ကျောင်းသူများ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တက်ကြွနိုးကြားလာစေရန်၊ အထိမ်းအမှတ်နေ့များကို အစဉ်အောက်မေ့သတိရနေစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းကျောင်း (ကသဲစု) ကျောင်းအုပ်ဆရာမကြီးက မျိုးချစ်စိတ်ဓာတ်နှင့် လူငယ်တာဝန်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ယင်းနောက် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် ပုံပြောပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။


ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းများနှင့် အာဇာနည်နေ့ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၀-၇-၂၀၂၅(တနင်္ဂနွေနေ့)

၁။	ဝ၆:၀၃	တရားတော်	
၂။	ဝ၈:၀၀	မောင်မယ်လေးများ သိစေချင်	
၃။	၁၀:၀၀	နိုင်ငံတကာသတင်း	
၄။	၁၁:၀၀	ပြည်သူ့ကြားက ပြည်သူ့စကား	
၅။	၁၂:၀၀	Weekly National News	
၆။	၁၈:၃၀	စိုက်ပျိုးသုတ	
၇။	**၁၉:၀၀**	**ရုပ်မြင်သံကြား ဇာတ်လမ်း လွမ်းလို့ကျန်ရစ်ခဲ့မှာ ကို အားနာပါတယ်လေ (ပထမပိုင်း)**	**ရဲအောင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇော ဒါရိုက်တာ- အောင်မြင့်မြတ်**

မိုးလေဝသ သတင်း



မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ဃ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(စ) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁,၀၀၀ အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။

(ဆ) မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ဆ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁,၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဇ) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုလုပ်ငန်းပိုင်ရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကိုဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခံရသူကိုဖြစ်စေ ညစ်ညမ်းမှု သို့မဟုတ် ထိခိုက်ပျက်စီးမှုပမာဏအလိုက် ဆုံးရှုံးမှုတန်ဖိုးငွေ၏လေးဆကို ငွေဒဏ်အဖြစ်ချမှတ်ရမည်။

၂၄။ မည်သူမဆို-

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့ပြင် ဖောက်ဖျက်မှုကြောင့် ပေါ်ပေါက်လာသည့် ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ပေးစေရမည်။

(ခ) ပုဒ်မခွဲ (က)ပါ သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ခြင်း မပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပုဒ်မခွဲ (က)ပါ သတ်မှတ်ကာလ စေ့ရောက်သည့်နေ့မှစ၍ အဆိုပါ ထိခိုက်နစ်နာဆုံးရှုံးမှုများ မူလအနေအထားသို့ရောက်ရှိရန် ဆောင်ရွက်ပြီးသည့်နေ့အထိ နေ့စဉ် ငွေဒဏ် ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

အခန်း (၁၂)

ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့်လွှဲပြောင်းခြင်း

၂၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အောက်ပါတားမြစ်ချက် သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ လွှဲပြောင်းပေးခြင်းတို့ကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာတည်ဆဲဥပဒေများပါ တားမြစ်ချက်များ၊

(ခ) နိုင်ငံတကာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ။

၂၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးချုပ်နှောင်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုသိမ်းဆည်း၍ ထိုပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်တကွ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ သတ်မှတ်ပုံစံဖြင့်လွှဲပြောင်းခြင်း သို့မဟုတ် နီးစပ်ရာရဲစခန်းသို့ သတင်းပေးတိုင်ကြားခြင်း ပြုနိုင်သည်။

၂၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူက နာမကျန်းသည့်အခြေအနေတွင် သက်ဆိုင်ရာမှတ်ပုံတင်ဆရာဝန်၏ထောက်ခံချက်ဖြင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ဆေးကုသမှုခံယူခွင့်ပြုနိုင်သည်။

၂၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် ထိုသူ၏လုံခြုံရေးအရဖြစ်စေ၊ ကျန်းမာရေးအရဖြစ်စေ လိုအပ်ပါက မိမိ၏အစီအစဉ်ဖြင့် ပို့ဆောင်နိုင်သည်။

၂၉။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ဤဥပဒေအရသော်လည်းကောင်း၊ တရားခံလွှဲပြောင်းရေးဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၃၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ပြည်ပတွင် ပြစ်မှုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်နေသော နိုင်ငံခြားသားတစ်ဦးဦးကို စစ်ဆေးတွေ့ရှိပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ် တစ်စင်းစင်းသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်နေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ သတင်းရရှိလျှင်ဖြစ်စေ အဆိုပါရေယာဉ်ကို စစ်ဆေးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း သို့မဟုတ်လွှဲပြောင်းခြင်းကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

အခန်း (၁၃)

အထွေထွေ

၃၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသော နိုင်ငံခြားရေယာဉ်ကို ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က)အရ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးရာတွင် သင့်လျော်သည့် အင်အားသုံးခွင့်ရှိသည်။

၃၂။ ကမ်းခြေစောင့်တပ်ဖွဲ့ သို့မဟုတ် တပ်ဖွဲ့ဝင်က တာဝန်အရ ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်းအား ဟန့်တားသူကို ရာဇသတ်ကြီးနှင့်အညီ အရေးယူခွင့်ရှိသည်။

၃၃။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အဏ္ဏာဝါပတ်ဝန်းကျင်ညစ်ညမ်းမှုတုံ့ပြန်ရေးဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရသည့်ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များကို ညစ်ညမ်းမှုဖြစ်ပေါ်စေသူထံမှ သတ်မှတ်ချက်နှင့်အညီ ပြန်လည်တောင်းခံခွင့်ရှိသည်။

၃၄။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရ တရားစွဲဆိုခြင်းကိုထိခိုက်ခြင်းမရှိစေရ။

၃၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ကျူးလွန်သောပြစ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်း၊ သက်သေခံပစ္စည်းများကို တရားရုံးသို့တင်ပြခြင်းတို့ ဆောင်ရွက် ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆီလျော်သရွေ့ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၃၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသော ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းတို့တွင် ဆယ်တင်သူ၏ အခွင့်အရေးကိုရယူခွင့်ရှိသည်။

၃၈။ တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါ ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၃၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များတွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အဖြစ် တွဲဖက်တာဝန်ထမ်းဆောင်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်တွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အဖြစ် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်နိုင်စေရန် နိုင်ငံဝန်ထမ်းဥပဒေနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လိုအပ်သည့် ပြည်တွင်းပြည်ပ အထောက်အပံ့ သို့မဟုတ် နည်းပညာဆိုင်ရာအကူအညီများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

၄၁။ တပ်ဖွဲ့ဝင်စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဝင် အရာရှိများ၊ တပ်ဖွဲ့ဝင်အမှုထမ်းများ၊ အရပ်ဘက်အရာရှိများနှင့် အရပ်ဘက်အမှုထမ်းများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၄၂။ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့် နိုင်ငံတကာသဘောတူစာချုပ်များအပြင် ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲက ထုတ်ပြန်သည့် တပ်ဖွဲ့တွင်းအမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၃။ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရာတွင်သော်လည်းကောင်း၊ ရေယာဉ် သို့မဟုတ် အခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းရာတွင်သော်လည်းကောင်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်ကိုဖြစ်စေ၊ သတင်းပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို လုပ်ဆောင်မှုဆိုင်ရာ ဆုကြေး သို့မဟုတ် ဆုတံဆိပ်များ ပေးအပ်နိုင်သည်။

၄၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတကာစည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်ထားသည့် လှိုင်းနှုန်းခွင် (Frequency Band) များကို အသုံးပြုခွင့်ရှိသည်။

၄၅။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် တပ်ဖွဲ့ဝင်တစ်ဦးဦးကို တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၄၆။ ဤဥပဒေအရ ချမှတ်သည့်ငွေဒဏ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေပေးချေမှုနည်းလမ်းများအတိုင်း ပေးဆောင်စေရမည်။

၄၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

“မြန်မာ့တန်ဖိုး . . . မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

ယမန်နေ့မှအဆက်

တစ်ပြိုင်နက်တည်းတွင်ပင် နိုင်ငံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ထာဝရငြိမ်းချမ်းရေးကိုရှေးရှုကာ တပ်မတော်မှ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးခဲ့မှုများ အကြိမ်ရေများစွာရှိခဲ့ပြီး များနှင့်လေ့လာသူများ စသည့်အလွှာစုံအစုအဖွဲ့အသီးသီးမှ တက်ရောက်ဆွေးနွေးဆောင်ရွက်မှုများကိုကြည့်ခြင်းဖြင့် အစိုးရနှင့်ပြည်သူများက ငြိမ်းချမ်းမှုရရှိရေးအတွက် မည်မျှဆန္ဒပြင်းပြလျက်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းရေးစကားဝိုင်းများတွင်-

“ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ “အသိတရား”တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် “အရှိတရား” တွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနှစ်မမျော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ “ပြည်ထောင်စုနိုင်ငံ” ထူထောင်နိုင်ဖို့ဖြစ်ပါတယ်”ဟု အလေးအနက်ထားပြောကြားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ **လက်ရှိမြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်လုပ်ရပ်များအားလုံးကိုကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက “မီးလျှံကြားမှ ဇာမဏီငှက်”**ကဲ့သို့ **အတူရှုန်းထ ကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန်မြှင့်တင်ရင်း ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။**

မောင်မိုး

ဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန်မြှင့်တင်ရင်း ပိုမိုကောင်းမွန်သောအနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အနာဂတ်(Myanmar’s Future)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ











အနေဖြင့် “မိမိကိုယ်ကို အားကိုးခြင်းမူဝါဒ (Self Reliance Policy)”ကို အခြေခံ၍ ပြည်သူများနှင့်အတူ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုရည်မှန်းတည်ဆောက်လျက်ရှိသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း “လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်”ကျင်းပ၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ ရွေးကောက်ပွဲများမှတစ်ဆင့်ပေါ်ထွက်လာမည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်သည် အာဏာခွဲဝေကျင့်သုံးခြင်း(Power Sharing)၊ သယံဇာတခွဲဝေခြင်း(Resource Sharing) အစရှိသည်တို့ကို လွတ်တော်များမှတစ်ဆင့် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းက ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း ကြီးမားသောအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကို ဆောင်ကြဉ်းလာမည်ဖြစ်သည်။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့်တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်းဖြစ်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ထင်ဟပ်ပြသနိုင်မည်ဖြစ်သည်။ မှေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကိုပုံဖော်ခြယ်သရမည်ဖြစ်သည်။ စာမျက်နှာ ၉ သို့ ➤

မတ်လ ၂၈ ရက် မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီးတွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် အားသွန်ခွန်စိုက်ပြုလုပ်နိုင်ရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် အထူးအထူးကိစ္စရပ်အနေဖြင့် တပ်မတော်မှအပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် မတ်လအတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk–2025)နှင့် ဇွန်လအတွင်း ငြိမ်းချမ်းရေးဖိုရမ် (Peace Forum–2025) ကိုကျင်းပခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်

■ လက်ရှိမြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်လုပ်ရပ်များအားလုံးကို ကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးက “မီးလျှံကြားမှ ဇာမဏီငှက်”ကဲ့သို့ အတူရှုန်းထ ကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန်မြှင့်တင်ရင်း ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

■ ယခုကျင်းပမည့်ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကိုဆောင်ကြဉ်းလာမည်ဖြစ်သည်။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့်တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်းဖြစ်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ထင်ဟပ်ပြသနိုင်မည်ဖြစ်သည်။ မှေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကိုပုံဖော်ခြယ်သရမည်ဖြစ်သည်။ မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ (Myanmar’s Value)နှင့် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိသည်။

➤ စာမျက်နှာ ၈ မှအဆက်

မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ(Myanmar's Value)နှင့် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိသည်။

လက်ရှိ အခြေအနေများအရ ရွေးကောက်ပွဲကျင်းပခြင်းကိုထွက်ပေါက်ဟု **မြန်မာ့လမ်းကြောင်း...မြန်မာ့အနာဂတ် (Myanmar's Way–Myanmar's Future)**

မြန်မာ့အနာဂတ်သို့ လျှောက်လှမ်းရာ လမ်းကြောင်းသည် လွယ်ကူသောလမ်း မဟုတ်ပေ။ သို့ဖြစ်ရာ အခက်အခဲများနှင့် စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း အခွင့်အလမ်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့အနာဂတ်ကို အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဦးစွာလွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးသည် အလွန်အဓိကကျနေသည်။

အနာဂတ်အစီအမံများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး မြန်မာ့လမ်းကြောင်းကို လျှောက်လှမ်းရာတွင် သမိုင်းတန်ဖိုး၊ နိုင်ငံရေးတန်ဖိုး၊ စီးပွားရေးတန်ဖိုး၊ ပထဝီဗဟိုချက်တန်ဖိုး၊ ဘာသာ၊ သာသနာယဉ်ကျေးမှုတန်ဖိုး၊ လူမှုရေးတန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ခြင်းနှင့်အတူ ပြည်သူတစ်ဦးချင်းစီ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လိုစိတ်၊ တာဝန်ယူလိုစိတ်၊ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်သော စွမ်းအားများဖြင့် ပြည်ထောင်စုကြီး ခိုင်မာအားကောင်းစေရန် စုစည်းပုံဖော်တည်ဆောက်သွားရန် လိုအပ်သည်။ သို့ဖြစ်၍လည်း ၂၀၂၅ ခုနှစ်မတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင်မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ"တွင် **နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့-မြန်မာ့တန်ဖိုးမြှင့်ကြစို့" ဟု" လေးနက်စွာတိုက်တွန်းပြောကြားခဲ့သည်။**

ယနေ့ မြန်မာနိုင်ငံသည် လေပြင်းမုန်တိုင်းများ ကင်းစင်ချိန်တွင် ပေါ်ထွက်လာသည့် သက်တံကြီးပမာ အရောင်အသွေးစုံလင်မျှတမှုကိုရှေးရှု၍ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ဆီသို့လှမ်းချီရမည့်အချိန်အခါပင်ဖြစ်သည်။ သို့ဖြစ်ရာ "သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာ့တန်ဖိုးနှင့် မြန်မာ့ပထဝီအနေအထား၏အရေးပါစွာတည်ရှိနေမှုများကို အရာရောက်... ဖြစ်မြောက်အောင်မြင်သည်အထိ ပုံဖော်တည်ဆောက်နိုင်ရေးနှင့် နိုင်ငံတကာအလယ်တွင် အောက်တန်းနောက်တန်းမကျစေရေးတို့အတွက် မျိုးချစ်စိတ်နှင့် အတူ တက်ကြွသောနိုင်ငံသား(Active Citizen)စိတ်ဓာတ်များဖြင့် မွေးမြိမ်ပျောက်ကွယ်လုနီးဖြစ်နေသော "မြန်မာ့တန်ဖိုး" များကိုမြှင့်တင်ရင်း အနာဂတ်နေ့သစ်များဆီသို့ အတူတကွပေါင်းစည်းချီတက်ကြရမည့် အချိန်အခါသမယဖြစ်ပါကြောင်း...."။ ။

■ "ရွေးကောက်ပွဲပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်ကာ ညီညွတ်မှုကိုတည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအစီအရီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်သည်။ ယခုလာမည့်ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏မျှော်လင့်ချက်များစုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ဝင်ပေါက်တစ်ခု (Gateway to Democracy)ဟုလည်း ဆိုနိုင်သည်။"

■ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့-မြန်မာ့တန်ဖိုးမြှင့်ကြစို့" ဟု" လေးနက်စွာတိုက်တွန်းပြောကြားခဲ့သည်။

အနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့-မြန်မာ့တန်ဖိုးမြှင့်ကြစို့" ဟု " လေးနက်စွာတိုက်တွန်းပြောကြားခဲ့သည်။

မယူဆနိုင်ပါ။ လာမည့်ရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ ချိတ်ဆက်ရာ မုခ်ဦးတံခါးဝတစ်ခုဟုဆိုနိုင်သည်။ **"ရွေးကောက်ပွဲပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများဖော်ဆောင်ကာ ညီညွတ်မှုကိုတည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအစီအရီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်သည်။ ယခုလာမည့်ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်များစုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ဝင်ပေါက်တစ်ခု(Gateway to Democracy)ဟုလည်း ဆိုနိုင်သည်။"**

ဦးညွတ်ပါသည် အာဇာနည်

❖ လျှပ်ခြည်ပြက်ပြုံး၊ သွန်းဖြိုးစွေရွာ
သည်မိုးသိမ့်သိမ့်၊ တစိမ့်စိမ့်ဆင်းလှာ
ကိုးပွင့်မာလာ၊ ကြွေကာညှိုးနွမ်း
ဆယ့်ကိုးဇူလိုင်၊ မျက်ရည်ဖြိုင်
သည်းစိုင်ကြေကွဲ လွမ်းသည်နှင့်လေး။

❖ ယုတ်မာဆိုးသွမ်း၊ လူရမ်းကားတွေ
အာဇာရမ္မက်၊ တပ်မက်လောင်မြိုက်နေ
နယ်ချဲ့လက်ပါးစေ၊ သက်ခြွေအညွန့်ချိုး
ကိုးဦးဇာနည်၊ ကျဆုံးပြီ
ဖြေဆည်မပြေ ဆိုးသည်နှင့်လေး။

❖ အာဇာနည်မျိုး၊ ကိုယ်ကျိုးမတွယ်
ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လမ်းမှန်းရည်ရွယ်
မဏိဇောနယ်၊ ဖိုးကြွယ်ပတ္တမြား
ငြိမ်းချမ်းတေးချို၊ ကျူးရင့်ဆို
သူလိုစိတ်ဓာတ် ရှားသည်နှင့်လေး။

❖ အာဇာနည်များ၊ လေးစားကြည်ညို
သူတို့ရဲဝံ့၊ မရွံ့သတ္တိပို
လောဘစိတ်ကို၊ အလိုမကျူး
စည်းကမ်းလိုက်နာ၊ ရိုးသားစွာ
ပြည်ရွာချစ်စိတ် ထူးသည်နှင့်လေး။

❖ ပွင့်စုံဖူး၊ ကြွေဦးရင်နာ
လွမ်းမျက်ရည်ဝေ့၊ မမေ့ရက်ရှည်ကြာ
ဖြစ်ပုံရိုင်းရာ၊ သည်းမှာမချို
လွမ်းတနေသည်၊ ကမ္ဘာတည်
ဇာနည်စိတ်ဓာတ် ပြည့်သည်နှင့်လေး။

❖ ဂုဏ်မကြွေသည့်၊ အမိနိုင်ငံ
လွတ်လပ်ခိုင်မြဲ၊ မကွဲတည်တံ့ရန်
အမျိုးဖျက်မှန်၊ တော်လှန်ရိုက်ချိုး
ဦးညွတ်ဂုဏ်ရည်၊ ပေါင်းစည်းညီ
ဇာနည်ပန်းကောင်း ကျိုးသည်နှင့်လေး။

❖ ဆယ့်ကိုးဇူလိုင် မမေ့နိုင် တူပြိုင်လွမ်းတော့သည်။
ဖွဲ့ညှိုးအပူဖြိုင် ယနေ့တိုင် ငူငိုင်တမ်းတော့သည်။ ။

မောင်မင်းသိမ်း(သရက်)

အမြို့မြို့အနယ်နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပ

ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လှုပ်ရှားမှုများကို ယနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဆောင်ရွက်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပခုက္ကူမြို့ဌာနဆိုင်ရာ ရုံးအဆောက်အအုံများရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြို့ပေါ်ရပ်ကွက်များရှိ



လမ်းမကြီးများ၊ လမ်းဆုံလမ်းခွနေရာများ၊ လူသွားလူလာများပြားသည့်နေရာများ၌ မော်တော်ယာဉ်များ ခေတ္တရပ်နားပြီး ဟွန်းတီးစေခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ဆီဆိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်းနှင့် ဥဩဆွဲခြင်းတို့ကို ယနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာရုံးများ၊ တပ်ရင်း/တပ်ဖွဲ့များမှ (၇၈)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲအချက်ပေးခြင်း၊ လမ်းသွားလမ်းလာပြည်သူများ၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ခေတ္တရပ်ပြီး အလေးပြုခြင်း၊ ဟွန်းတီးခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်



မြောက်ဥက္ကလာပမြို့နယ်၌ ယနေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်တို့ကို ဆောင်ရွက်သည်။

အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာရုံးများ၊ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်မီးသတ်စခန်း၊ မြောက်ဥက္ကလာပနယ်မြေမီးသတ်စခန်း၊ ဝေဘာဂီနယ်မြေမီးသတ်စခန်းနှင့် ရွှေပေါက်ကံနယ်မြေမီးသတ်စခန်းများ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အလေးပြုခြင်း၊ ဥဩဆွဲခြင်း၊ သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးခြင်းတို့ကိုဆောင်ရွက်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ဘိုကလေး

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ပညာရေးဌာန၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ်အခြေခံပညာကျောင်းပေါင်းစုံ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဘိုကလေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းထွေးမွန်က အမှာစကားပြောကြားပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ကျောင်းသားမိဘများတက်ရောက်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြို့မဈေးကြီးအနီးရှိ မီးသတ်စခန်း၊ ချောင်းဝရပ်ကွက်မီးသတ်စခန်းတို့၌ မီးသတ်ကားများဥဩဆွဲခြင်း၊ အလေးပြုခြင်း၊ သွားလာလှုပ်ရှားနေသူများ ရပ်တန့်နေခြင်းများကို တစ်မိနစ်ခန့် ဆောင်ရွက်ကြပြီး မြို့နယ်ဌာနဆိုင်ရာရုံးများ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူထားကြကြောင်းသိရသည်။

ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)

ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်းဩဇာသက်ဂါရဝပြုခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဗိုလ်ချုပ်မိန့်ခွန်း စကားပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခဲ့ဦးစီးအရာရှိဦးနိုင်လင်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများက (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်မိန့်ခွန်းစကားပြောပြိုင်ပွဲကိုပါဝင်ယှဉ်ပြိုင်ရာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်ပိုစတာများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥဩဆွဲခြင်းအစီအစဉ်ကို မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီး၍ ယနေ့တွင် မြို့နယ်အတွင်း နေရာငါးနေရာ၌ တစ်ပြိုင်တည်းဆောင်ရွက်ကြောင်း သိရသည်။

အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥဩဆွဲခြင်းကို ကြို့ပင်ကောက်မြို့ ရန်ကုန်ပြည်ကားလမ်း KBZ ဘဏ်ရှေ့၊ ပန်းတင်လမ်းမီးပွိုင့်၊ ရန်ကုန်ပြည်ကားလမ်း ကုန်းမြင့်ကျေးရွာ၊ ရန်ကုန်ပြည်ကားလမ်း ဒန့်သလွန်ကွင်းကျေးရွာ၊ အရှေ့ဘုရားလမ်းဆုံနှင့် ရန်ကုန်ပြည်ကားလမ်းနာရီစင်လမ်းဆုံတို့၌ အချိန်တစ်မိနစ်ခန့် တစ်ပြိုင်တည်းဥဩဆွဲပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းခြင်းအထိမ်းအမှတ် ဆောင်ရွက်ကြောင်းသိရသည်။

ယင်းသို့ဝမ်းနည်းခြင်း အထိမ်းအမှတ် ဥဩဆွဲဆောင်ရွက်ခြင်းအပြင် မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာရုံးများ၌ နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်းတို့ကိုဆောင်ရွက်ထားကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအောက်မေ့သတိရဝမ်းနည်းခြင်း (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ်မြို့နယ် ဌာနဆိုင်ရာရုံးများ/ကျောင်းများ၌ နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လမ်းများပေါ်၌ သွားလာနေသည့် ဒေသခံပြည်သူများ၊ မော်တော်ယာဉ်များ ခေတ္တငြိမ်သက်ရပ်နား၍ ဟွန်းတီးဂါရဝပြုဆောင်ရွက်ကြောင်းသိရသည်။

စိုးလင်းနိုင်(IPRD)





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက လွမ်းသူ့ပန်းခွေချဂါရဝပြုကြစဉ်။





နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချဂါရဝပြုကြစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချဂါရဝပြုကြစဉ်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ ကျောင်းသား၊ ကျောင်းသူများက ဂါရဝပြုကြစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ ဟိန္ဒူဗဟိုအဖွဲ့ချုပ်၊ သနန္တမဟာပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ ဖူလ်းဂေါ်စပယ်အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစ္စလာမ်သာသနာ့ရေးရာကောင်စီဥာနချုပ်၊ မြန်မာမွတ်စလင်လူငယ်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံပိုးကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ **စာမျက်နှာ ၁၂ သို့** ★



ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်သူများ ဂါရဝပြုကြစဉ်။

★ **စာမျက်နှာ ၁၁ မှအဆက်**

အရှိုချင်းနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မြန်မာစားသုံးသူသမဂ္ဂတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၈)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား တို့က ဥဩဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ခရမ်းမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ လူငယ်စကားဝိုင်း ပုံပြောပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ၈လိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို ၈လိုင်လ ၁၈ ရက်က ခရမ်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရမ်းမြို့နယ်ပညာရေးမှူးဒေါ်ခင်မြအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းဝေက စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားကာ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းဝေက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-9 မှ မရတိဝင်းလဲ့က လူငယ်နှင့်စာဖတ်ခြင်း၊ Grade-10 မှ မဝင်းပပက လူငယ်နှင့်ပညာရေး၊ Grade-10 မှ မောင်အောင်ခန့်လင်းက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade -11 မှ မောင်မင်းခန့်ကျော်က လူငယ်နှင့်ဆိုရှယ်မီဒီယာခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ပုံပြောပြိုင်ပွဲ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများ၊ ဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများကဆုများအသီးသီး ပေးအပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၄၅၁၉၉ ဧကစိုက်ပျိုးပြီးစီး

ဝါးခယ်မ ၈လိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၄၅၁၉၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ စပါး ၂၁၂၂၁၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၄၅၁၉၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ဧက ၂၁၃၀၀၀ ကျော်လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမှာ ဧက ၄၅၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့ စတင်မစိုက်ပျိုးမီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးအထွက်နှုန်းကောင်းမွန်ဖို့လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီရေးအတွက်ကိုလည်း ဆောင်ရွက်ပေးထားပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်တွင် မိုးစပါး ၂၁၂၂၁၆ ဧကစိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် ပြည်တွင်း၌ ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့လည်း နှစ်စဉ် တိုးမြှင့်တင်ပို့လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ ပို့မိတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

မွေမရနိုင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံရိပ်

ဆုလတ်မေ

“နှစ်လနာရီ xxx ခါရာသီရွှေ့ပေမယ့် အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ xxx ယနေ့ အဖြစ်သတိတရားထားဖို့အခြေ xx အများပြည်သူတွေ xxx အများပြည်သူတွေ xxxx အာဇာနည်နေ့ကိုလေတွေးရှုကာပဲ အလေးပြုပါမယ်လေ xxx ” ဆိုသည့် တေးသံရှင်မေလှမြိုင်၏သီချင်းသံသည် နှစ်စဉ် နှစ်တိုင်း ဇူလိုင်လ၏မိုးရေစက်များကြားတွင် ပျံ့လွင့်နေဆဲဖြစ်သည်။ ထိုသီချင်းသံကို ကြားရတိုင်း အာဇာနည်ကြီးများ၏ နိုင်ငံအတွက် စွန့်လွှတ်အနစ်နာခံမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် မြင့်မြတ်သော စိတ်ထားတို့အား သတိရကြမြဲဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် အာဇာနည်ကြီးများ အသက်ပေးဆပ်ခဲ့သည့် အာဇာနည်နေ့သည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အိန္ဒိယလူမျိုးတို့သည် ဂန္ဒီကိုမမေ့ကြသလို၊ ဗီယက်နမ်တို့သည်လည်း ဟိုချီမင်းကိုမမေ့ခဲ့ကြပေ။ အလားတူ မြန်မာလူမျိုးတို့သည်လည်း နှစ်ကာလများ မည်မျှပင်ကြာသွားပါစေ ရင်ထဲနှလုံးသားထဲတွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦးတို့အား အစဉ်အမြဲသတိရလေးစားနေမည်သာဖြစ်သည်။

လွန်ခဲ့သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ၏ မိုးရေစက်များအောက်တွင် မြန်မာ့သမိုင်း၏တိုင်းပြည်အတွက် ဆုံးရှုံးမှုကြီးမားသော မမေ့နိုင်စရာဖြစ်ရပ်ဆိုးကြီးဖြစ်ပွားခဲ့သည်။ တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်အံ့ဆဲဆဲကာလတွင်ပင် နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ပေးဆပ်ခဲ့ရရှာသည်။ ထိုနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ ဦးရာဇတ်၊ သခင်မြ၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ မန်းဘခိုင်၊ အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရသည်။ ဇူလိုင်မိုးဖွဲများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းပြည်အတွက် အစားထိုးမရနိုင်သောသူ ကြွေလွင့်သွားခဲ့ရသည်။

ထိုနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး ထိုနေ့ရောက်တိုင်း အာဇာနည်နေ့အခမ်းအနားကို နိုင်ငံတစ်ဝန်းကျင်းပကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်း၊ ကျဆုံးချိန် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဥဩဆွဲအချက်ပေးခြင်း၊ ထိုအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ကာ ဟွန်းတီးခြင်းတို့ကို ပြုလုပ်ကြသည်။ လှည်းနေလှော်အောင်းမြင်းဇောင်းမကျန်အောင်ပြည်သူအားလုံး ဦးညွတ်အလေးပြုကြသည်။ ထို့ပြင် အနယ်နယ်အရပ်ရပ်၌ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှဝေခြင်းအခမ်းအနားများကို ပြုလုပ်ကြသည်။

အာဇာနည်ဟူသည်

မြန်မာအဘိဓာန်တွင် ကိုယ်ကျိုးကိုမကြည့်သူ၊ အကြောင်း ဟုတ်၊ မဟုတ်ကို ကောင်းစွာသိမြင်သူ၊ သာမန်ထက်လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်ပြီး အများအကျိုးအတွက် အသက်စွန့်ရန်ဝန်မလေးသူကို အာဇာနည်ဟုခေါ်ကြောင်းသိရသည်။ အာဇာနည်စိတ်ဓာတ်ဆိုသည်မှာ အမှန်တရားဘက်က မေတ္တာနှင့်သတ္တိတို့ဖြင့် ရပ်တည်သော စိတ်နေသဘောထားဖြစ်သည်။ အာဇာနည်စိတ်ဓာတ်ရှိသော ယောကျ်ားကောင်းအာဇာနည်ဟူသည် နေရာဒေသတိုင်း၌ မပေါ်ပေါက်နိုင်ပေ။ အာဇာနည်စိတ်ဓာတ်ရှိသော သူရဲကောင်းတို့မည်သည် ကိုယ်ကျိုး၊ ကိုယ့်ဆွေမျိုးအကျိုး၊ ကိုယ့်ပါတီအကျိုးသက်သက်ကိုသာ ကြည့်ရှုတတ်သူမဟုတ်။ နိုင်ငံ့အကျိုးကိုသာ ကြည့်ရှုတတ်သူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံနှင့်ပြည်သူအပေါ်ထားရှိသည့် စိတ်ဓာတ်များနှင့် ထူးခြားစွမ်းဆောင်နိုင်မှု၊ စွန့်လွှတ်စွန့်စားတတ်မှု၊ အေးဆေးတည်ငြိမ်မှု စသည့်ဂုဏ်ဒြပ်များမှာ မြန်မာပြည်သူကမ္ဘာကျော် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး နေရူးသည် ဗိုလ်ချုပ်အောင်ဆန်း၏ အသိဉာဏ်နှင့်အမြော်အမြင်ကြီးမားမှုသည် သူ၏အသက်အရွယ်နှင့်မလိုက်အောင်ပင် ထူးချွန်ထက်မြက်ကြောင်း” သုံးသပ်ခဲ့သည်။ နိုင်ငံအသီးသီးမှ ခေါင်းဆောင်များအနက် ငယ်ရွယ်နုပျိုသော၊ ထူးချွန်ထက်မြက်သော၊ သတ္တိဗျတ္တိနှင့်ပြည့်စုံသော ဗိုလ်ချုပ်အောင်ဆန်းကို နေရူးက အထူးပင်နှစ်သက်ခဲ့ကာ “အောင်ဆန်းကျဆုံးတာဟာ မြန်မာနိုင်ငံအတွက် သာမဟုတ် အာရှနိုင်ငံအားလုံးအတွက် အလွန်ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်ကောင်းတစ်ဦး ဆုံးရှုံးရခြင်းဖြစ်တယ်” ဟု နှမြောတသစွာ မှတ်ချက်ချခဲ့ကြကြောင်း သိရသည်။

မျက်မှောက်ကာလ အတုယူ

မျက်မှောက်ကာလတွင်လည်း ပထဝီနိုင်ငံရေးအရ အရေးပါသော မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့က နိုင်ငံပျက်စီးစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဖန်တီးလုပ်ဆောင်နေကြဆဲပင်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုဖြင့် လွတ်လပ်ရေးရခဲ့သော်လည်း နိုင်ငံပြန်လည်ထူထောင်ရေးအတွက် တက်ညီလက်ညီ အင်တိုက်အားတိုက် လုပ်ကြရမည့်အစား စည်းလုံးညီညွတ်မှုတို့ပြိုကွဲကာ နှစ်ရှည်လများကြာမြင့်စွာဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် လည်းကောင်း၊ လက်ရှိကာလတွင်လည်း နိုင်ငံရေးအရေးပါသော မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့က နိုင်ငံပျက်စီးစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဖန်တီးလုပ်ဆောင်နေကြဆဲပင်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုဖြင့် လွတ်လပ်ရေးရခဲ့သော်လည်း နိုင်ငံပြန်လည်ထူထောင်ရေးအတွက် တက်ညီလက်ညီ အင်တိုက်အားတိုက် လုပ်ကြရမည့်အစား စည်းလုံးညီညွတ်မှုတို့ပြိုကွဲကာ နှစ်ရှည်လများကြာမြင့်စွာဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လက်ရှိကာလတွင်လည်း နိုင်ငံရေး

● ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းတို့အား အမှန်တကယ်လေးစားမြတ်နိုးတန်ဖိုးထားကြမည်ဆိုလျှင် အာဇာနည်တို့၏ အသက်သွေးချွေးများစွာဖြင့်ပေးဆပ်ကာ အရယူပေးခဲ့သည့် လွတ်လပ်ရေးအမွေကို မျိုးချစ်စိတ်ဓာတ်ထက်သန်ပြည့်ဝစွာဖြင့် ကာကွယ်ထိန်းသိမ်းကာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျရာကဏ္ဍမှ ပါဝင်ရင်း . . .

ပြည်သားများအားလုံး လေးစားဂုဏ်ယူကြရသည်ဖြစ်သလို မျိုးဆက်သစ်များအနေဖြင့်လည်း အတုယူအားကျစိတ်များဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သက်ဆိုင်သော အမှတ်တရများကို အောက်မေ့သတိရမှတ်သားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်တို့သည် တောင်တန်းဒေသနှင့်မြေပြန့်ဒေသဟူ၍ နှစ်မျိုးခွဲကာ သွေးခွဲအုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်တို့သည် တောင်တန်းဒေသကိုချန်လှပ်၍ မြေပြန့်ဒေသကို လွတ်လပ်ရေးပေးမည်ဟုပြောသောအခါမြန်မာတို့သည် တောင်တန်းဒေသကိုချန်၍ လွတ်လပ်ရေးမရလိုပေ။ ထို့ကြောင့် တောင်တန်းနှင့်မြေပြန့်သွေးစည်းညီညွတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ပင်လုံစာချုပ်ကြီးကိုချုပ်ဆိုကာ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုကို နယ်ချဲ့တို့အားပြသနိုင်ခဲ့သည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လွတ်လပ်ရေးသည် အရေးကြီးသဖြင့် တောင်ပေါ်မြေပြန့်ဒေသအားလုံးကို မနားမနေသွားရောက်စည်းရုံးခဲ့သည်။ စည်းလုံးညီညွတ်ရေးသမိုင်းမှတ်တိုင်ကို ပင်လုံမြေတွင် အခိုင်အမာစိုက်ထူခဲ့ကြသည်။ ဗိုလ်ချုပ်သည် တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ အနုနည်းဖြင့် လွတ်လပ်ရေးပန်းတိုင်ကို တက်လှမ်းလာသော ဗိုလ်ချုပ်ကို မနာလို မရှုဆိတ်၊ မနှစ်သက်သော နယ်ချဲ့လက်ပါးစေ မျက်ကန်းနိုင်ငံရေးသမားက အကြမ်းဖက်သမားများကို လက်နက်ပေးစေခိုင်း၍ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သည်။

နှစ်စဉ်နိုင်ငံတော်မှနောင်လာနောက်သား လူငယ်မောင်မယ်များ လေ့လာအတုယူနိုင်ရန် အာဇာနည်နေ့ အထူးပြပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုရုပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်ပြတိုက်တို့ကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် အခမဲ့ဖွင့်လှစ်ပြသပေးလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းလွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း နေထိုင်လုပ်ကိုင်ခဲ့သည်ကို ပြန်လည်သိရှိကြရန်အတွက်ဖြစ်သည်။ အလားတူ ရန်ကုန်မြို့ အတွင်းဝန်ရုံးတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်စဉ် မသမာသူများ၏လက်ချက်ကြောင့် ကျဆုံးခဲ့ရသည့်နေရာနှင့် အမှတ်တရများကို အာဇာနည်နေ့တွင်ပင် အခမဲ့ဖွင့်လှစ်ပြသပေးလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ တိုင်းပြည်အတွက် အသက်ကိုပဓာနမထားဘဲ လျှို့ဝှက်စွာစွန့်စားမှုများပြုလုပ်ခဲ့ကြသည်။ ဗိုလ်ချုပ်နှင့် ဗမာ့တပ်မတော်၊ ပြည်သူလူထုတို့လက်တွဲကာ ဖက်ဆစ်ဂျပန်များကို မောင်းထုတ်နိုင်ခဲ့သည်။ လွတ်လပ်ရေးရရန်အတွက် ဘိလပ်သို့သွားကာ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုသည်။ လွတ်လပ်ရေးရရန် လပိုင်းလောက်သာလိုတော့သည့်အချိန်တွင် သစ္စာဖောက်တို့၏ လက်ဦးမှုကိုခံလိုက်ရသဖြင့် လွတ်လပ်ရေးရသည်ကို မြင်မသွားရရှာပေ။ အကြွေစောလွန်းသည့် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ကြီးများအတွက် ဝမ်းနည်းမဆုံးအောင်ဖြစ်ကြရသည်။

အခက်အခဲပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ဆွေးနွေးအဖြေရှာကြရမည့်အစား အကြမ်းဖက်ဝါဒနှင့် လက်နက်ကိုင်လိုသော အသိမဲ့လူတန်းစား အချို့ရှိနေသည့်အတွက်လည်းကောင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများစွာနှောင့်နှေးခဲ့ရသည်။ အာဇာနည်ကြီးများကို လေးစားတန်ဖိုးထားသကဲ့သို့ ၎င်းတို့ချမှတ်ခဲ့သည့် အမျိုးသားစည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးမှုများကိုလည်း အလေးထားလိုက်နာရန် လိုအပ်ပေသည်။ သို့မှသာ အာဇာနည်ကြီးများအပေါ် သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။ ထို့အတူ ယနေ့နိုင်ငံတော်မှ မျှော်မှန်းထားသည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်နှင့် ပြည်သူပူးပေါင်း၍ အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းတို့အား အမှန်တကယ်လေးစားမြတ်နိုးတန်ဖိုးထားကြမည်ဆိုလျှင် အာဇာနည်တို့၏ အသက်သွေးချွေးများစွာဖြင့်ပေးဆပ်ကာ အရယူပေးခဲ့သည့် လွတ်လပ်ရေးအမွေကို မျိုးချစ်စိတ်ဓာတ်ထက်သန်ပြည့်ဝစွာဖြင့် ကာကွယ်ထိန်းသိမ်းကာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျရာကဏ္ဍမှ ပါဝင်ရင်း အာဇာနည်ကြီးများ၏ပေးဆပ်မှုကို အစဉ်အမြဲသတိရနေကြရမည်ဖြစ်ပေသည်။ ။

ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့် ကတည်းဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစု အတွင်းရှိဗီသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများအပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့် အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အဓိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး (Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်ရုပ်သေး၊ အဂၤါဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့်ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၀၉-၇၉၃၃၄၇၀၉၊ ၀၁၇-၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၀၉-၇၆၅၂၆၇၀၉

အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာသည့် ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် အထူးစည်ကား

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာသည့်ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် အထူးစည်ကားခဲ့သည်။

မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော နေအိမ်ပြတိုက်တွင် အာဇာနည်နေ့၌ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထူးပြပွဲ အပါအဝင် ပြခန်းများကို ခင်းကျင်းပြသထားပြီး တနလၤာနေ့နှင့် အများပြည်သူရုံးပိတ်ရက်တို့မှအပ ကျန်နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိဖွင့်လှစ်ပြသလျက်ရှိသည်။







ယခုနှစ်ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် အများပြည်သူတို့အား ပြကွက်သုံးမျိုးဖြင့် ခင်းကျင်းပြသခဲ့ရာ ပြကွက်တစ်အဖြစ် ပြတိုက်၏အတက်လမ်း၌ နတ်မောက်မြို့တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၊ ရန်ကုန်မြို့တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဗိုလ်ချုပ်၏ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခြေခေါင်းဆောင်ဘဝ၊ မိသားစုဘဝ၊ စာပန်းအခမ်းအနား၊ ဗိုလ်ချုပ်ကျဆုံးခဲ့သည့် အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်ကျဆုံးချိန်တွင် ကျန်ရှိခဲ့သောပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေစက္ကူနှင့် အကြွေစေ့များ၊ တံဆိပ်ခေါင်းများနှင့်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပစ္စည်းများ စသည့်သမိုင်းအချက်အလက်ဆိုင်ရာ ပြကွက်ပေါင်း၃၀ ကို All in one board များဖြင့် ပြသထားသည်။

ပြကွက်နှစ်အဖြစ် ပြတိုက်အထွက်လမ်း၌ မြန်မာပြည်မြေပုံနှင့် အာဇာနည်ကိုးဦးပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများ၊ မေယုစစ်သင်္ဘောမှတ်တမ်းဓာတ်ပုံများ၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ သွေးသစ္စာဆိုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်နေအိမ်ထမင်းစားခန်းတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းပုံများ၊ ဗိုလ်ချုပ်အိပ်ခန်းအတွင်းမှ ခရီးဆောင်သားရေသေတ္တာနှင့်ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သော အဝတ်အစားမှတ်တမ်းဓာတ်ပုံများ၊ ကလေးများအခန်းဗီရိုအတွင်းရှိ အောင်ဆန်းလင်းဝတ်ဆင်ခဲ့သည့်အဝတ်အစားမှတ်တမ်းဓာတ်ပုံများ စသည်တို့ကို Permanent Board ပေါ်၌ UV Sticker Vinyl များဖြင့်ပြသထားသည်။

ပြကွက်သုံးအဖြစ် IT နည်းပညာများဖြစ်သည့် Holographic နည်းပညာနှင့် ဖန်တီးပြသထားသောသမိုင်းဝင် မြန်မာ့ရေတပ်မေယုစစ်သင်္ဘော၏မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ စာပန်းအခမ်းအနား၊ ဝန်ကြီးများရုံးအတွင်းရှိ ဗိုလ်ချုပ်တို့နောက်ဆုံးပြုလုပ်ခဲ့သော အစည်းအဝေးခန်းမမှတ်တမ်းပြကွက်များ၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် ကုတ်အင်္ကျီအား အဘက်ဘက်မှကြည့်ရှုလေ့လာနိုင်သောပြကွက်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၏ ဗီရိုများအတွင်းရှိ ပစ္စည်းများအား Offline Web Page ဖြင့်ပြသထားသောပြကွက်နှင့်လူငယ်များအတွက် ဉာဏ်စမ်းပဟေဠိကဏ္ဍာတို့ကို Touch Screen များနှင့်ပြသသည့် ပြကွက်များဖြင့် ဖန်တီးပြသထားသည်။

"(၇၈)နှစ်မြောက် အာဇာနည်နေ့မှာ အများပြည်သူအမြဲအမှတ်တရရှိစေဖို့နဲ့ အသိပညာဗဟုသုတရရှိကြစေဖို့ရည်ရွယ်ပြီးပြတိုက်ပိုင်းဆိုင်ရာပြကွက်များကိုခင်းကျင်းပြသထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လာရောက်လေ့လာတဲ့အခါမှာ ပုံမှန်အထူးပြပွဲမှာပြသလေ့ရှိတဲ့ ယာယီပြကွက်တွေနဲ့ခေတ်မီနည်းစနစ်နဲ့ ပေါင်းစပ်ထားတဲ့ ပြကွက်တွေအပြင် ဒီနှစ်မှာထူးထူးခြားခြားတစ်နှစ်ပတ်လုံးလေ့လာကြည့်ရှုနိုင်အောင် Permanent Board ပေါ်မှာ UV Sticker Vinyl တွေနဲ့ အမြဲပြသသွားမှာဖြစ်ပါတယ်။ ဒါကြောင့်လာရောက်လေ့လာကြည့်ရှုသူတွေအတွက် အသိပညာဗဟုသုတများစွာရရှိစေမှာဖြစ်ပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှလက်ထောက်ညွှန်ကြားရေးမှူးဒေါ်မိမိလေးကပြောသည်။

ပြတိုက်မြေညီထပ်တွင် ဗိုလ်ချုပ်ထမင်းစားခန်းနှင့်နေအိမ်ဧည့်ခန်းတို့ကို ပြသထားပြီး ပြတိုက်အပေါ်ထပ်၌ ဗိုလ်ချုပ်တို့ဧနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ်၏ အသုံးအဆောင်ပစ္စည်းများထားရှိ၍ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လေ့ကားဖြင့် တက်ရသည့် တတိယထပ်တာဝါတွင်ရှိသောဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစု ပူဇော်ခဲ့သည့် ဒက္ခိဏာသာခါ ဆင်းတုတော်နှင့်ကျောင်းဆောင်ပုံတော်ကို ဘုတ်ပြားပေါ်၌ ဓာတ်ပုံ/စာသားဖြင့်ပြသထားကာ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့်အဝတ်အစားများနှင့် ခရီးဆောင်သားရေအိတ်ကိုလည်း ပြသထားသည်။

ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်ရှိ စာဖတ်ခန်းတို့ကိုပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရိုနှင့်မှန်တင်ခုံတို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏သားသမီးများ အိပ်ခန်းအနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့်နံရံတွင် ဗိုလ်ချုပ်မိန့်ခွန်းများကောက်နုတ်ချက်တို့ကို မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်းအနောက်ဘက် တံခါးရှိပြတိုက်စကြံလမ်းမှပြတိုက်အောက်သို့ ကွေ့၍ ပြန်ဆင်းပါကရေကန်အနီး၌ စိုက်ခင်းပြကွက်တွင် သီးပင်စားပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်တုပုံကို ပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၏အထွက်လမ်းရှိနည်းပညာပြကွက်(Digital Exhibition)တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့်မေးခွန်းပေါင်း ၂၀ ကို ဖြေဆိုခြင်းဖြင့် အမှတ်တရလက်ဆောင်ခြောက်မျိုးကို ချီးမြှင့်ပေးလျက်ရှိရာ ဖြေဆိုသူကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကားခဲ့သည်။

ယနေ့ (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ယမန်နှစ် နည်းတူနည်းပညာအစီအစဉ်တို့ကို ထည့်သွင်းပြသခဲ့ပြီး ပြတိုက်အင်္ဂါရုပ်နှင့်အညီပြင်ဆင်ဆောင်ရွက်ထား၍ယမန်နှစ်ကထက် လာရောက်ကြည့်ရှုသူများပြားလျက်ရှိကြောင်း သိရသည်။

ထို့သို့ လာရောက်ကြည့်ရှုသူများကို ပြတိုက်တာဝန်ရှိသူများက သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အများပြည်သူစိတ်ဝင်တစား လေ့လာမှတ်သားလေ့လာကြသည်ကို တွေ့ရှိရသည်။

ထို့ပြင်ပြတိုက်အတွင်း ခင်းကျင်းပြသမှုအပြင် နည်းပညာပြကွက်နှင့်ဉာဏ်စမ်းပဟေဠိအစီအစဉ်တို့ဖြင့် ကြည့်ရှုလေ့လာသူများအတွက် စုံလင်စွာဆောင်ရွက်ထားသည့်အတွက် လာရောက်လေ့လာသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

မြဝတီ

(၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၏ အမှတ်တရရုပ်တွင်းစကားသံများ

သတင်းအဖွဲ့ (ရန်ကုန်)

"အာဇာနည်" ကို မြန်မာအဘိဓာန်တွင် "အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့သည် အာဇာနည်၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ကိုက်ညီပြည့်စုံနေပါသည်။ နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့ကို မျိုးဆက်သစ်လူငယ်များ အားကျအတုယူလိုက်နာနိုင်စေရန် အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် (၇၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပသည့် (၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၏ အမှတ်တရရုပ်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။



ဦးရဲအောင်သန်း



ဦးလှကြည်



ဒေါ်နန့်စိုးစိုးခိုင်



ဒေါ်မြင့်မြင့်ခိုင်



ဦးရဲမြင့်အောင်



ဦးသန့်ဇင်ချို



ဒေါက်တာမင်းမြင့်



စဝ်ကိုင်ဖ



ဦးအောင်ကိုကို

ဦးရဲအောင်သန်း
(ဗိုလ်ချုပ်အောင်ဆန်း၏မိသားစုဝင်)

(၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို တက်ရောက်ဂါရဝပြုရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီးရယူပေးခဲ့တဲ့ နိုင်ငံ့လွတ်လပ်ရေးကို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ လက်ဆင့်ကမ်းထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားခဲ့တဲ့ လမ်းစဉ်အတိုင်းပဲ မျိုးဆက်သစ်လူငယ်တွေကို လျှောက်လှမ်းစေချင်ပါတယ်။

ဦးလှကြည်
(ဦးရာဇတ်၏မိသားစုဝင်)

အဲဒီအချိန်တုန်းက ကျွန်တော်ကငယ်သေးတော့ သိပ်မမှတ်မိဘူး။ ကျွန်တော်တို့က အာဇာနည်ရဲ့သားသမီးဖြစ်တဲ့အတွက် လူအများက လေးလေးစားစားနဲ့ ဆက်ဆံကြပါတယ်။ နှစ်စဉ်တော့ အာဇာနည်နေ့အခမ်းအနားကို ကျင်းပပါတယ်။ ကျွန်တော်တို့လည်း နှစ်စဉ်မိသားစုနဲ့အတူတူ ပန်းခွေချဂါရဝပြုပါတယ်။ ဒီနေ့ (၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို တက်ရောက်ရတဲ့ ခံစားချက်ကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂါရဝပြုရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

ဒေါ်နန့်စိုးစိုးခိုင်
(မန်းဘခိုင်၏မိသားစုဝင်)

ဒီနေ့ အာဇာနည်နေ့အခမ်းအနားကို ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်မအဘိုးနဲ့ပတ်သက်လို့ ငယ်ငယ်က ကရင်-ဗမာ ချစ်ကြည်ရေးဗိသုကာကြီးဆိုတဲ့ ကျွန်မအဘိုးကို ခေါင်းစဉ်တပ်ပြီး ရေးခဲ့တဲ့ဆောင်းပါးကို ဖတ်ခဲ့ဖူးပါတယ်။ အဘိုးကို ကျွန်မတို့မိသားစုမမီပေမယ့်လို့ ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ခဲ့တာကို တွေ့တဲ့အတွက် ချစ်ခြင်းမေတ္တာတွေ ဆက်လက်စီးဆင်းပြီး မိသားစုတွေ ဆက်လက်လျှောက်လှမ်းသွားမှာပါ။ အာဇာနည်နေ့အခမ်းအနားကို လာရောက်ဂါရဝပြုရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်လို့ ပြောချင်ပါတယ်။

ဒေါ်မြင့်မြင့်ခိုင်
(မန်းဘခိုင်၏မိသားစုဝင်)

ကျွန်မကတော့ မန်းဘခိုင်ရဲ့ သမီးပါ။ ကျွန်မအဖေက မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် အသက်ပေးသွားခဲ့ပါတယ်။ ဒီဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့အခမ်းအနားမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို တက်ရောက်ဂါရဝပြုရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ နိုင်ငံတော်အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ဆောင်ရွက်ခဲ့ကြသလို မျိုးဆက်သစ်လူငယ်တွေအနေနဲ့လည်း စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ရှေ့ဆက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြပါလို့ ပြောချင်ပါတယ်။

ဦးရဲမြင့်အောင်
(သခင်မြ၏မိသားစုဝင်)

အာဇာနည်နေ့ဆိုတာ မမေ့အပ်သင့်တဲ့နေ့တစ်နေ့ပါ။ မိသားစုဝင်တစ်ယောက်အနေနဲ့ အာဇာနည်နေ့ရောက်တဲ့အခါ ခံစားရပါတယ်။ နိုင်ငံအတွက် လွတ်လပ်ရေးရဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုတဲ့နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ လွတ်လပ်ရေးရခဲ့တာက အများကြီးကိုယ်ကျိုးစွန့်၊ အနစ်နာခံခဲ့ရတယ်။ မိသားစုအရေးတွေကိုလည်း စွန့်လွှတ်ပြီး လွတ်လပ်ရေးတစ်ခုတည်းကိုပဲ ဦးတည်ပြီး အာဇာနည်ခေါင်းဆောင်ကြီးတွေ အားလုံး စည်းစည်းလုံးလုံးနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့နေ့မို့လို့ မွေလို့မရတဲ့နေ့ဖြစ်ပါတယ်။

ဦးသန့်ဇင်ချို
(ဒီးဒုတ်ဦးဘချို၏မိသားစုဝင်)

ကျွန်တော်က ဒီးဒုတ်ဦးဘချို၏မြေးဖြစ်ပါတယ်။ တိုင်းပြည်လွတ်လပ်ရေးအတွက် အဘက်ဘက်ကနေ ကြိုးပမ်းခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ခေါင်းဆောင်ကြီးအားလုံးကိုရည်စူးပြီး လေးစားသမှုနဲ့ ဂါရဝပြုဖို့ တက်ရောက်လာတာဖြစ်ပါတယ်။ အခုချိန်က တစ်ကမ္ဘာလုံးမှာ ဘေးအန္တရာယ်ကပ်ဆိုးတွေ ကျရောက်နေပါတယ်။ အဲဒီတော့ ပြည်သူလူထုအနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သတိရှိရှိနဲ့ ဘေးအန္တရာယ်တွေကို ကျော်လွှားကြဖို့၊ နောက်ပြီးတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတရားတော်နဲ့အညီ ကျင့်ကြံနေထိုင်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ဒေါက်တာမင်းမြင့်
(ဦးအုန်းမောင်၏မိသားစုဝင်)

အာဇာနည်နေ့တိုင်းကို နိုင်ငံတော်အကြီးအကဲတွေက မပျက်မကွက်ကျင်းပပေးတာကို ကျွန်တော်တို့မိသားစုတွေအနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက တစ်နိုင်ငံလုံးကို စည်းလုံးညီညွတ်အောင်လုပ်ပြီး လွတ်လပ်ရေးရအောင်ယူခဲ့တယ်။ သူ့ရဲ့စည်းလုံးညီညွတ်မှုရှိအောင် တည်ဆောက်နိုင်စွမ်း၊ ပညာရော လူမှုရေးပိုင်းပါ အားလုံးအရမ်းတော်ပါတယ်။ အဲဒါကို အနာဂတ်လူငယ်တွေအနေနဲ့ အတုယူသင့်ပါတယ်။ ရခဲ့တဲ့ လွတ်လပ်ရေးကိုလည်း လက်ရှိမျိုးဆက်သစ်လူငယ်တွေက နိုင်ငံတော်တည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်ရမယ်။ တစ်ယောက်နဲ့တစ်ယောက် မတူတာတွေကိုညှိပြီး တိုင်းပြည်ရေရှည်ချမ်းသာကြွယ်ဝအောင်၊ တခြားနိုင်ငံတွေနဲ့တန်းတူအထူးသဖြင့် အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်အောင်ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

စဝ်ကိုင်ဖ (မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏မိသားစုဝင်)

(၇၈) နှစ်မြောက် အာဇာနည်နေ့မှာ သတိတရနဲ့ အခုလို တက်ရောက်ဂါရဝပြုရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမြဲအမှတ်တရရှိနေမှာပါ။ အာဇာနည်နေ့ အခမ်းအနားကို ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။

ဦးအောင်ကိုကို
(ရဲဘော်ကိုထွေး၏မိသားစုဝင်)

ကျွန်တော်က ရဲဘော်ကိုထွေးရဲ့တူဖြစ်ပါတယ်။ ဒီနှစ်ကတော့ အာဇာနည်နေ့ (၇၈) နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်မြဲဖို့ ကြိုးပမ်းခဲ့တယ်။ ဒါ့ပြင် လွတ်လပ်ပြီးတဲ့နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာကိုလည်း Plan ချပေးခဲ့ပါတယ်။ အဲဒီမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ဆိုပြီး ပင်လုံညီလာခံကြီးလုပ်ခဲ့တယ်။ ခုလက်ရှိ ကျွန်တော်တို့ခေတ်မှာတော့ နိုင်ငံတော်ကို တဖြည်းဖြည်းတိုးတက်လာအောင် လုပ်ဆောင်ရမယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ကြီးလွတ်လပ်ရေးနဲ့ အချုပ်အခြာတည်မြဲရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆင့်ကဲဆင့်ကဲ အားလုံးမှာ တာဝန်ရှိပါတယ်။

★ **ရှေ့ဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီးနောက် နှစ်မိနစ်ငြိမ်သက်စွာမေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးရာဇော်၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ မိသားစုဝင်ကိုယ်စား အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။





မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ကလျာဏယုဝအသင်း(YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ **စာမျက်နှာ ၁၁ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒီးဒုတ်ဦးဘချို၏မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန်းဘခိုင်၏မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်းက လွမ်းသူ့ပန်းခွေချဂါရဝပြုပြီး မေတ္တာပို့သအမျှပေးဝေစဉ်။



သခင်မြ၏မိသားစုဝင်များက လွမ်းသူ့ပန်းခွေချဂါရဝပြုပြီး မေတ္တာပို့သအမျှပေးဝေစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇော်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends 78th Anniversary Martyrs' Day





Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing lays the wreath of the Republic of the Union of Myanmar.

NAY PYI TAW July 19

The 78th Anniversary Martyrs' Day for 2025 was observed at the Martyrs' Mausoleum in Bahan Township, Yangon this morning.Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the ceremony and paid tribute to the Martyrs.

Also present were SAC Joint Secretary General Ye Win Oo, SAC members General Nyo Saw, Mahn Nyein Maung and Dr Hmu Htan, Union Chief Justice U Tha Htay, Chairman of the Central Committee to hold 78th Anniversary Martyrs' Day for 2025 Union Minister for Religious Affairs and Culture U Tin Oo Lwin, union ministers, U Maung Maung Ohn, U Chit Swe, Dr Thet Khaing Win, Yangon Chief Minister U Soe Thein, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, deputy ministers, officials, members of the work committees and subcommittees to hold the Martyrs' Day, departmental personnel, families of martyrs and invited guests.



Senior General Min Aung Hlaing greets the family members of Mahn Ba Khaing.



Senior General Min Aung Hlaing greets the family members of U Ohn Maung.

First, Senior General Min Aung Hlaing and party cordially greeted the family members of martyrs and guests.

The Senior General laid the wreath of the Republic of the Union of Myanmar at the mausoleum and paid tribute to late General Aung San and martyrs together with General Ye Win Oo, General Nyo Saw, Mahn Nyein Maung, General Kyaw Swa Lin and U Tin Oo Lwin.

Meanwhile, the State Flag was lowered to half-mast. The guard of Honour presented arms and military band played the last post. A two-minute silence was also observed and metta was dispensed.

Families of martyrs and representatives then laid wreaths and paid tribute.

Then those from Yangon Region

See Page - 19 ►►

►►From Page - 18

government, political parties, heads of foreign missions to Myanmar and Charges d' Affaires of foreign embassies laid wreaths and paid tribute to General Aung San and martyrs, followed by wreath laying of social organizations including Myanmar National Committee for Women's Affairs, Myanmar Women's Affairs Federation, Myanmar War Veter-ans Organization, Young Men's Buddhist Association, Myanmar Maternal and Child Welfare Association, Myanmar Music Association, Myanmar Red Cross Society, Myanmar Press Council, Union of Myanmar Interfaith Dialogue Organization, Young Men's Christian Association, Noble Heart Rescue, Myanmar Medical Association, Myanmar-India Friendship and Development Association, Myanmar Scouts Federation, Myanmar Muslim National Affairs Organization, Myanmar Writers Association, Myanmar Publishers and Booksellers Association, Myanmar Journalist Association, All Myanmar Hindu Central Council, Sanatan Dharma Palaka (Hindu) Organization, Myanmar Arts and Crafts Association, Muslim Ulama Organization, Myanmar Muslim Religious Scholars Organization, Full Gospel Assembly Church, Republic of the Union of Myanmar Islamic Religious Affairs Council, Myanmar Muslim Youth Organization, Myanmar Thabin Association (Central), Myanmar Engineer Council, Myanmar Baptist Convention, Myanmar Women Entrepreneurs Association, Myanmar Poe Kakyin Baptist Convention, Asho Chin Baptist Conference, Catholic Bishops' Conference of Myanmar, Myanmar Architect Council, Myanmar Motion Picture Association, Myanmar Border Area Development Association, Lay Kyun Thu Foundation and Myanmar Consumers Union.

Afterwards, attendees including monks, students, local populace in procession paid tribute to the martyrs in memory of the gratitude they owed to them.

On this day, Union Flags were flown at half-mast in the entire country and MRTV and Myawady TV played siren sounds at 10.37am, the time when martyrs were assassinated.

People also visited Bogyoke Museum and the Secretariat today.

100



Senior General Min Aung Hlaing greets the family members of Yebaw Ko Htwe.



Senior General Min Aung Hlaing greets the family members of Thakin Mya.



A diplomat of a foreign mission paying tribute to the martyrs.



A military attaché salutes the martyrs.



Members of a political party lay a wreath.

●● From Page - 21

combining French Beaux arts architectural styles between the 16th and 18th centuries. Plans are underway to upgrade the cinema into a red carpet theatre.

Construction of Sarso Beikman

Then, the Senior General and party proceeded to the construction site of Sarso Beikman to honour the Myanmar literati and writers on Bo Min Khaung Road in Ooyin Ward in Mingalar Taungnyunt Township and inspected construction works.

During the inspection, the union minister for information reported to the Senior General on construction of the three-storey Sarso Beikman building, formation of committees for systematic construction, arrangement of exhibition booths in each floor and preparations for opening the Sarpay Beikman public library in the former three-storey building.

Regarding the presented explanations, the Senior General stated that it's crucial to systematically carry out the work to ensure completion within the designated period and to construct high-quality buildings. He emphasized that once the Sarso Beikman building is finished, photographs and historical documents should be displayed clearly. He noted that the Sarpay Beikman Public Library building is intended to enhance public knowledge and promote reading habits, so arrangements must be made to ensure a quiet environment for studying and reading. Furthermore, he directed that in addition to the construction work, efforts should be made to ensure the surrounding environment is green, lush, clean, and beautiful, and provided other necessary instructions.

Afterward, the Senior General inspected the progress of the construction work within the Sarso Beikman building site. He then provided necessary gui-dance based on the presentations from the officials.

The Sarso Beikman building is being constructed as a three-story structure and once completed, it will feature exhibits with historical photographs documenting literary development, reading rooms and a library, exhibition halls displaying historical musical arts, palm-leaf manuscripts, historical poems, books and literature that have won literary awards, and statues of renowned poets from Myanmar's three prominenteras, as well as literary scholars and poets who have received lifetime literary awards.

The former Sarpay Beikman Library, which was located on the first floor of the three-story Sarpay Beikman building, will now be renovated and reopened as the Sarpay Beikman Public Library. This initiative, guided by the Senior General, aligns with Sarpay Beikman's motto, "Dispelling Darkness, Bringing Light." It aims to enhance citizens' knowledge, support the development of Myanmar literature, provide public enlightenment, and promote reading habits, in response to the growing population and urban development.**100**

Tatmadaw columns provide necessary assistance for IDPs to return and reside in Nawnghkio

NAY PYI TAW July 19

The Tatmadaw has been conducting counter-terrorism operations across regional military command areas to ensure the peaceful livelihood of the people. On July 16, the Tatmadaw successfully regained full control over areas around the Taungkham region and Nawnghkio town, which had been temporarily occupied by terrorist insurgents. The local ethnic residents of Nawnghkio have welcomed this development with joy and support.

Additionally, on July 18, efforts were made to reopen government administrative offices in Nawnghkio. Responsible officials from relevant administrative organizations, along with aid supplies, food provisions, and essential items donated by the Shan State Government, Mandalay Region Government, and charitable donors, arrived to restore administrative functions. These efforts aim to support the education, healthcare, and socio-economic development of local ethnic communities. Security forces are also working to clear landmines—planted by ruthless terrorists—and ensure territorial safety so that internally displaced persons (IDPs) can return home safely and resume their livelihoods without danger.



Tatmadawmen presenting assistance to the locals.



Returnees recount their stories.



Tatmadawmen helping temporarily displaced persons, who arrive back to their native place.



Residents coming back to their homes by cars.

Today, in the morning, a Tatmadaw column conducting mine clearance and security operations in Nawnghkio Township reached Laung Hpan Village, about seven miles northwest of Nawnghkio. There, they met with local ethnic residents who had been forced to abandon their homes and valuable belongings when terrorists temporarily seized the town. The locals warmly welcomed the Tatmadaw troops and requested assistance to facilitate their return and resettlement.

In response, security personnel and responsible officials arranged transportation, distributed food supplies, helped relocate belongings, and provided other necessary support. The IDPs expressed happiness and gratitude as they returned to their homes. Their voices were heard like this.

1. "They have brought happiness to the people and provided security for our lives. We are grateful to all the Myanmar soldiers."

2. "Thank you to all of you for coming back to save us. We are grateful."

3. Two people together "We are thankful for your rescue. We are also very grateful that you came back for us."

4. "The fighting started on the 25th of June. Since that day, families have been scattered—some fled to Mandalay, others to different places. Until now, we were still separated. But now, the military has come to clear the area and help us in every way possible. We are extremely grateful. We also hope they will continue to protect us like this in the future."

5. "I believed this day would come, but I didn't expect it to happen so quickly. Now that it has, I'm so overjoyed that I don't even know what to say. Families can finally reunite, and businesses can operate normally again. I'm so happy that I'm at a loss for words. I am deeply thankful to the Tatmadaw. That's all I want to say."

6. "It's been over 15 days since we left our village. We haven't seen our families. When the military arrived, we were overjoyed and felt immense relief."

7. "We are very grateful to be allowed to return to our hometowns."

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

"All citizens and national brethren have to work together in unity and solidarity, following the path envisioned by General Aung San."

Chairman of the State Administration Council, Commander-in-Chief of Defence Services Senior General Min Aung Hlaing

A ceremony to mark the 78th Anniversary of Martyrs' Day 2025 took place at the Martyrs' Mausoleum in Bahan Township of Yangon at 8 am on 19 July, attended by Chairman of the State Administration Council, Commander-in-Chief of Defence Services Senior General Min Aung Hlaing who paid tribute to the Martyrs.

At the ceremony, State-owned media raised questions to the Senior General. The replies of the Senior General were reported as follows: -

"General Aung San led the struggle for Myanmar's independence, and after achieving independence, he envisioned building Myanmar into a nation that could stand proudly on an equal footing with the rest of the world. This vision is clearly reflected in many of his speeches. It is now the responsibility of all Myanmar citizens to work together toward realizing that goal. As we join hands in this effort, it is important that we act with unity and a genuine commitment to the betterment of our country. General Aung San and his comrades sacrificed their lives for this cause. Furthermore, the true value of a country lies in its independence, and beyond that, in its development and progress. However, this must be achieved through a system based on discipline and order. Without such discipline, if things are done haphazardly and without structure, it can pose a danger to the nation. That is why I want to emphasize that all citizens and all national brethren must move forward together in unity and solidarity, following the path envisioned by General Aung San."

100



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects tasks to upgrade Waziya cinema into red carpet theatre, construction of Sarso Beikman





Senior General Min Aung Hlaing hears a report on the Sarso Beikman project.

NAY PYI TAW July 19

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage including the SAC joint secretary, SAC members, union ministers and party, the chief minister of Yangon, the commander of Yangon Command, Chairman of the Myanmar Motion Pictures Association Director Kyi Soe Tun and officials, inspected the tasks to upgrade Waziya cinema into a red carpet theatre and construction of the Sarso Beikman in Yangon this morning.

Upgrading Waziya cinema hall into red carpet theatre

First, the Senior General and party arrived at the Waziya cinema of the Information and Public Relations Department of the Ministry of Information on Bogyoke Aung San Road in Kyauktada Township in Yangon and Union Minister for Information U Maung Maung Ohn reported to the Senior General on upgrading the cinema into a red carpet theatre including its background history, architectural distinctions, the upgrading process and benefits on completion of upgrading.

Then, Director Kyi Soe Tun reported to the Senior General on the history of the cinema, screening of films in successive eras and maintenance of the building.

After hearing the reports, the Senior General inquired about interesting facts and gave instructions on the needs to upgrade the cinema to meet international standards, to carry out upgrading tasks systematically by collecting old photographs of the cinema and restoring it in its original architectural style and to arrange systematic parking lots and public pavements around the cinema and other needs.

Then, the Senior General and party inspected the cinema and gave necessary instructions on reports of officials.

The cinema was built in about 1923 and an ancient building constructed by

See Page - 19 ●●



Senior General Min Aung Hlaing inspects the progress in upgrading Waziya cinema into a red-carpet theatre.

(၇၈)နှစ်မြောက်အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ကျင်းပသည်။



အခမ်းအနားသို့(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်သန့်ဦးဗိုလ်ဌေးနှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကိုအလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအားတိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။

ယနေ့တွင်ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက်ဇနာရီမှညနေ၅နာရီအထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် တစ်ရက်တာ အခမဲ့ အထူးဖွင့်လှစ်ပြသခဲ့သည်။

အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံသမိုင်းကြောင်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန်အဆောက်အအုံနှင့်အဆောက်အအုံအတွင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူနှင့် ကျောင်းသား၊ ကျောင်းသူများ ယမန်နှစ်ကထက်များပြားခဲ့ပြီး ဥဇော်စမ်းပဟေဠိမေးခွန်းများဖြေဆိုမှုမှ အမှတ်တရလက်ဆောင်များပေးအပ်သည့် အထူးအစီအစဉ်တွင်လည်း စိတ်ဝင်တစားပါဝင်ဖြေဆိုကြသူများ များပြားခဲ့သည်။ **မြဝတီ**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၉

သွေးလွန်တုပ်ကွေးရောဂါ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသဆိုင်ရာ နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအို နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ဖြစ်ပွားလေ့ရှိကြောင်း၊ မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့တွင် ဖြစ်ပွားမှုများပြားလေ့ရှိကြောင်း။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများဖြစ်သည့် Abate (ပိုးလောက်လမ်းသေဆေး)၊ Fogging Machine(ခြင်ဆေးမှုတ်စက်)၊ သွေးလွန်တုပ်ကွေးအမြန်သွေးစစ်ကိရိယာ (RDT)၊ ကလေးသွေးပေါင်ချိန်တိုင်းကိရိယာ (Pediatric BP Cuff) တို့ကို ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းတွင် အရေးပါသော Dengue virus serotype လေးမျိုးအား စောင့်ကြပ်ကြည့်ရှုခြင်း (Dengue Serological Surveillance) ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနခွဲနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး/ စီမံချက်မန်နေဂျာ(သွေးလွန်တုပ်ကွေး/ဆင်ခြေထောက်) က မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က Dengue serological surveillance ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို အကြံပြုညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ်(၁၃)မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိပ်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ အေးသာယာပြည်သူ့ဆေးရုံ၊ အောင်ပန်းမြို့ရှိ ပြည်သာယာစျေးနှင့် ကလောမြို့ရှိမြို့မပရိယတ္တိစာသင်တိုက်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရပ်ကွက်ရှိဝေဘာဂီကူးစက်ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချို့မြို့သို့ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ခြေမှုန်းမှု စစ်ဆင်ရေး (Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချို့မြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချို့မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာအားပေး ထောက်ခံကြိုဆိုလျက်ရှိသည်။

ထို့ပြင် ဇူလိုင်လ ၁၈ ရက်တွင်လည်း နောင်ချို့မြို့၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သည့်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့်အတူ ပြန်လည်ရောက်ရှိလာကြပြီး အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာစဉ် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နေထိုင်စားသောက်လုပ်ကိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နောင်ချို့မြို့နယ်အတွင်း မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယနေ့နံနက်ပိုင်းတွင် နောင်ချို့မြို့၏ အနောက်မြောက်ဘက် ၇ မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာသို့ ရောက်ရှိကြရာ နောင်ချို့မြို့အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ၎င်းတို့ ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် အဖိုးတန်ပစ္စည်းများအား စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံခဲ့ရာ **စာမျက်နှာ ၂၄ သို့** ➢



တပ်မတော်စစ်ကြောင်းများအား နောင်ချို့မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြစဉ်။





တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

တပ်မတော်စစ်ကြောင်းများအား နောင်ချို့မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြစဉ်။





တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် မော်တော်ယာဉ်များစီစဉ်ပေးခြင်း၊ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏ အသုံးအဆောင်ပစ္စည်းများအား ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးစဉ်။





တပ်မတော်စစ်ကြောင်းများမှစီစဉ်ပေးသောမော်တော်ယာဉ်များဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်လာစဉ်။















➢ **စာမျက်နှာ ၂၃ မှအဆက်**

ဒေသခံတိုင်းရင်းသားပြည်သူများသည် တပ်မတော်စစ်ကြောင်းအား ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့၏နေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တပ်မတော်စစ်ကြောင်းထံ အကူအညီတောင်းခံခဲ့ကြသည်။

ထိုသို့ အကူအညီတောင်းခံခဲ့သဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏အိုးအိမ်ဆောင်ပစ္စည်းများအား ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများနှင့် အခြားလိုအပ်သည့် ကူညီရေးလုပ်ငန်းများကို အားတက်သရောဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာပြည်သူများသည် ၎င်းတို့၏နေရပ်သို့ပြန်လည်ဝင်ရောက်အခြေချနေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ၎င်းတို့၏စကားသံများကိုလည်း ယခုလိုကြားသိခဲ့ရပါတယ်-

"ခုလိုပြည်သူပြည်သားတွေကို ပျော်ရွှင်အောင်လုပ်ပေးတယ်။ ပြီးတော့ ဘဝလုံခြုံမှုပေးတယ်။ မြန်မာ့တပ်မတော်သားတွေ အားလုံးကိုကျေးဇူးတင်ပါတယ်"ဟုပြောသည်။

"ကျေးဇူးတင်ပါတယ် ဆရာတို့အားလုံးကိုပြန်ပြီးကယ်တင်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

"နှစ်ယောက်တွဲကယ်တင်ပေးတဲ့အတွက် မို့ကျေးဇူးတင်ပါတယ်။ ပြန်လာကယ်တာကိုလည်းကျေးဇူးအများကြီးတင်ပါတယ်" ဟုပြောသည်။

"၆လပိုင်း ၂၅ရက်နေ့က တိုက်ပွဲဖြစ်တယ်။ အဲ့နေ့ကစပြီး မိသားစုတွေ တကွဲတပြားစီဖြစ်တယ်။ မန္တလေးရောက် ဟိုရောက် ဒီရောက်နဲ့ တကွဲတပြားစီဖြစ်ကြတယ်။ အခုချိန်ထိတကွဲတပြားစီပါပဲ။ အခုတပ်မတော်ကလာပြီးအခုလိုရှင်းလင်းပြီးတော့ လုပ်ပေးကိုင်ပေးတဲ့အတွက် အကုန်လုံးကို အစစအရာရာလာပြီး ကူညီပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ နောင်လည်းဒီလိုပဲ အမြဲတမ်းအမြဲမပြတ်ဒီလို စောင့်ရှောက်ပေးဖို့ ပြောချင်ပါတယ်" ဟုပြောသည်။

"ခုလိုဖြစ်လာမယ်ဆိုတာတော့ ကျွန်မယုံကြည်တယ်။ ဒီလိုအမြန်ဆောင်ရွက်ခဲ့မယ်လို့မထင်ထားဘူးလေ။ ဒီလိုဖြစ်လာတော့ အတိုင်းမသိဝမ်းသာတော့ ဘာပြောရမှန်းမသိဘူးလေ။ မိသားစုတွေ ခုလိုစုံစုံလင်လင်နေရမယ်။ လုပ်ငန်းတွေ ပုံမှန်လည်ပတ်လို့ရမယ်ဆိုတော့ ပျော်လို့ စကားကို ဘာပြောရမှန်းကိုမသိဘူး။ တပ်မတော်ကြီးလည်း အများကြီးကျေးဇူးတင်မိတယ်။ အဲလိုပဲပြောချင်တယ်" ဟုပြောသည်။

"ကျွန်မတို့ရွာဘက်မှာ ၁၅ ရက်ကျော်ပါတယ်ရှင့်။ မိသားစုတွေလည်း မတွေ့ရပါဘူးရှင့်။ တပ်မတော်ရောက်လာတော့ ကျွန်မတို့အများကြီးပျော်ပြီး အများကြီးဝမ်းသာပါတယ်ရှင့်"ဟုပြောသည်။

"ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ခွင့်ရှိတာကို အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ" ဟု ပြောသည်။ (၁၀၀)

ဝန်မြစ်နှင့်တိုးမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/၈လ)

ထူးခြားသည့်နေ့အပူချိန်များ ၁၉-၇-၂၀၂၅

ချောက်	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ကျောက်ဆည်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မော်လိုက်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.မ.က(၄) ရွာပိုး Grade-3 တွင် ပညာသင်ကြားနေသော အဘဦးတိုးလိုင်ဖြူးချို၏သား မောင်အောင်ခေတ်သာအား ယနေ့မှစ၍ မောင်အားသစ်ဖြူးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အားသစ်ဖြူး**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က(၁) Grade-10 မှ မောင်ဟိန်းထက်အောင်နှင့် သုခဝတီမူလွန်ကျောင်း Grade-5 မှ မောင်ဇေယျာမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်း ၅/အရတ(နိုင်) ဝ၈၁၂၀ ဖြစ်ပါကြောင်း။ **ဦးကျော်မင်း**

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘဦးစိုးမိုးကျော်၏သား မောင်ကောင်းထက်လွှဲ ၁၃/ကတန(နိုင်) ၂၂၆၆၂၆ အား မောင်ထူးခန့်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထူးခန့်လင်း**

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘဦးကျော်မင်းသန်း၏သား အ.ထ.က(၄) Grade-2 တွင် ပညာသင်ကြားနေသည့် မောင်စွမ်းထက်ဝံထည်အား မောင်စွမ်းထက်ဝင့်ထည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စွမ်းထက်ဝင့်ထည်**

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘဦးချမ်းမြေအောင်၏သား အ.ထ.က(၄) Grade-5 တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်ကျော်အား မောင်ကောင်းပြည့်နှံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းပြည့်နှံ**

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘဦးကျော်ဇေယျ၏သား မောင်ကျော်ဇင်လတ်(၉/အမဇ(နိုင်)၀၃၂၀၆၂ အား မောင်ကောင်းထက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းထက်ကျော်**

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘဦးထွန်းခင်၏သမီး ခေါ်ဌေးငွေ၀င်း ၁၄/အဂပ(နိုင်)၁၅၉၇၈၀ အား ခေါ်ဌေးဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ခေါ်ဌေးဝင်း**

ဖခင်အမည်မှန်

သုံးခွဖြို့နယ်၊ အ.ထ.က(ပျဉ်းမကန်)၊ Grade-12 တွင်ပညာသင်ကြားနေသော မဇူးဇူးသွယ်၏ဖခင်အမည်မှန်မှာ ၁၂/သခန(နိုင်)၀၇၈၇၁၇ ကိုင်ဆောင်သူ ဦးကျော်ကျော်ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**

ပျောက်ဆုံးကြောင်း

ချောစုမွန်(ဘ)ဦးနိုင်ဝင်း ၁၀/ကမရ(နိုင်) ၁၃၃၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၃၃၃၃၄**

ပျောက်ဆုံးကြောင်း

မချိအေး(ဘ)ဦးနိုင်၁၀/ကမရ(နိုင်)၀၇၆၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၈၀၁၇၃၄၀**

ပျောက်ဆုံးကြောင်း

မခိုင်ဝေဝေလွင်(ဘ)ဦးမျိုးအောင် ၁၀/မဒန(နိုင်)၁၉၄၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၉၉၉၉၄၂၄**

ပျောက်ဆုံးကြောင်း

မဝါဝါဝင်း(ဘ)ဦးမြင့်သိန်း ၁၀/ပမန(နိုင်) ၂၄၇၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၀၁၀၁၃၃**

အီးယူက ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်လိုက်ခြင်းက စံနှစ်မျိုးကျင့်သုံးခြင်းဖြစ်ဟု အိန္ဒိယပြော



နယူးဒေလီ၊ စီးပွားရေး

ရုရှားနိုင်ငံအပေါ် အီးယူက ပိတ်ဆို့မှုအသစ်များထပ်မံချမှတ်လိုက်ခြင်းသည် စံနှစ်မျိုးကျင့်သုံးခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်လိုက်ကြောင်းသိရသည်။

အီးယူအဖွဲ့၏ အဆိုပါလုပ်ဆောင်ချက်သည် ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၏စွမ်းအင်ဆိုင်ရာ အကျိုးစီးပွားအပေါ် သွယ်ဝိုက်၍ ပစ်မှတ်ထားခြင်းဖြစ်သောကြောင့် ထိုသို့သော တစ်ဖက်သတ်လုပ်ဆောင်ချက်မျိုးကို အိန္ဒိယက လက်ခံမည်မဟုတ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၈ ရက်တွင် ထုတ်ပြန်သည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်းရှိ နိုင်ငံသားများ၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စွမ်းအင်ဖူလုံရေးကို ထည့်သွင်းစဉ်းစားလျက်ရှိသောကြောင့် စွမ်းအင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ စံနှစ်မျိုးအသုံးပြုခြင်းအပေါ် အိန္ဒိယနိုင်ငံက တောင်းဆိုသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယအစိုးရ၏ တုံ့ပြန်မှုသည် အီးယူအဖွဲ့က ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အီးယူအဖွဲ့သည် ရုရှားနိုင်ငံ၏ စွမ်းအင်ကဏ္ဍမှရရှိသည့် ငွေကြေးများကို ထိန်းချုပ်နိုင်စေရန်အတွက် ပိတ်ဆို့မှုများ ထပ်မံချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပိတ်ဆို့မှုများတွင် ရုရှားနိုင်ငံ၏ ရေနံစိမ်းမှထုတ်လုပ်ထားသည့် ထုတ်ကုန်များအား တင်သွင်းခွင့်ကို ပိတ်ပင်သည့် ပိတ်ဆို့မှုအသစ်တစ်ရပ်ပါဝင်ကြောင်းသိရသည်။

ထို့ပြင် အီးယူအဖွဲ့သည် အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံး ပုဂ္ဂလိကပိုင်ရေနံချက်စက်ရုံဖြစ်သည့် ဂူဂျာရတ်ပြည်နယ်ရှိ နာယာရာစွမ်းအင်စက်ရုံကို ပထမဆုံးအကြိမ်အဖြစ်ပိတ်ဆို့မှုချမှတ်ခဲ့သည်။

အဆိုပါပိတ်ဆို့မှုအရ ရုရှားနိုင်ငံမှ ရေနံများအား သယ်ယူပို့ဆောင်ပေးသည့်အိန္ဒိယ လောင်စာဆီတင်ရေယာဉ်များအပေါ် အီးယူက ပိတ်ဆို့မှုများချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **Ref: RT**

အင်္ဂါဂြိုဟ်မှပဲ့ထွက်လာသည့် အကြီးမားဆုံး ဂြိုဟ်ပဲ့ကြီးအား ဒေါ်လာ ၅ ဒသမ ၃ သန်းဖြင့် စံချိန်တင်ရောင်းချ

လော့အိန်ဂျလိ၊ ထူးခြားဆန်းပြား

အင်္ဂါဂြိုဟ်မှပဲ့ထွက်လာသည့်အကြီးမားဆုံး ဂြိုဟ်ပဲ့အစိတ်အပိုင်းတစ်ခုအား ဒေါ်လာ ၅ ဒသမ ၃ သန်းဖြင့် စံချိန်တင်ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါဂြိုဟ်ပဲ့ကြီးကို အမေရိကန်ပြည်ထောင်စုရှိ sotheby's လေလံကုမ္ပဏီမှ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျင်းပခဲ့သည့် လေလံပွဲတစ်ခု၌ ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်ပဲ့ကြီးသည် အလေးချိန်အားဖြင့် ၂၄ ဒသမ ၆၇ ကီလိုဂရမ်ရှိပြီး ၎င်းအား ဆာဟာရသဲကန္တာရရှိနိုင်ဂျာနိုင်ငံအတွင်း၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

NWA 16788 ဟုအမည်ပေးထားသည့် အဆိုပါဂြိုဟ်ပဲ့ကြီးသည် ဂြိုဟ်သိမ်ဂြိုဟ်မျှားများ ဝင်တိုက်မှုကြောင့် အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ပဲ့ထွက်လာခြင်းဖြစ်သည်။

ယခု လေလံတင်ရောင်းချနိုင်ခဲ့သည့် အင်္ဂါဂြိုဟ်ပဲ့ကြီးသည် ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ကျရောက်လာသည့် အဆိုပါဂြိုဟ်ပဲ့များထက် အရွယ်အစားအားဖြင့် ၇၀ ရာခိုင်နှုန်းခန့် ပိုမိုကြီးမားကြောင်းသိရသည်။

အဆိုပါ NWA 16788 ဂြိုဟ်ပဲ့ကြီး၏ ပိုင်ရှင်မှာ မည်သူဖြစ်ကြောင်း သို့မဟုတ် ဝယ်ယူသွားသူမှာ မည်သူဖြစ်ကြောင်းကို လေလံကုမ္ပဏီကထုတ်ပြန်ခဲ့ခြင်းမရှိပေ။ **Ref: RT**



တောင်ကိုရီးယားတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် သေဆုံးသူကိုးဦးအထိမြင့်တက်

ဆိုး၊ သဘာဝဘေး

တောင်ကိုရီးယားနိုင်ငံတွင် စတုတ္ထမြောက်နေ့အဖြစ် မိုးများ ဆက်လက်သည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် သေဆုံးသူဦးရေမှာ ကိုးဦးအထိမြင့်တက်လာကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဇူလိုင်လ ၁၉ ရက်တွင်ဖော်ပြသည်။

သေဆုံးသူများမှာ မြေပြိုကျမှုနှင့် မော်တော်ကား ရေစီးနှင့်အတူမျောပါမှုအတွင်းသေဆုံးခဲ့ခြင်းဖြစ်ပြီး လက်ရှိလူနှစ်ဦးပျောက်ဆုံးလျက်ရှိသည်။ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အာဏာပိုင်များက ဒေသခံပြည်သူ ၅၆၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်အဖွဲ့က ဇူလိုင်လ ၁၈ ရက်တွင်ထုတ်ပြန်သည်။

မိုးရွာသွန်းမှုများသည် နိုင်ငံအတွင်းရှိ ဒေသအများအပြားတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး ယခုအခါ အခြေခံအဆောက်အအုံများ၊ လူနေအိမ်အများအပြားကို ပျက်စီးစေခဲ့ကြောင်းသိရသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် တုံ့ပြန်ရေးဆောင်ရွက်မှုများကို ထိရောက်စွာလုပ်ဆောင်ရန်နှင့် အပျက်အစီးများ ထပ်မံဖြစ်ပွားခြင်းမရှိစေရေးအတွက် ကာကွယ်ကြရန် အစိုးရကတိုက်တွန်းထားကြောင်း သိရသည်။

ယခုဖြစ်ပွားသည့် မိုးသည်းထန်စွာရွာသွန်းမှုသည် တောင်ကိုရီးယားနိုင်ငံတွင် နှစ်ပေါင်း ၁၂၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်ပွားခြင်းဖြစ်သည်။ **Ref: St; aa**

သတင်းတိုကဏ္ဍ

လော့အိန်ဂျလိမြို့တွင် မော်တော်ကားတစ်စီးက လူအုပ်အတွင်းသို့ ဝင်တိုက် အနည်းဆုံး လူ ၃၀ ဦးဒဏ်ရာရ

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိမြို့တွင် မော်တော်ကားတစ်စီးက လူအုပ်အတွင်းသို့ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူ ၃၀ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်အဖွဲ့က ဇူလိုင်လ ၁၉ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါဖြစ်စဉ်သည် အရှေ့ဟောလိဝုဒ်အရပ်တွင် ဇူလိုင်လ ၁၉ ရက် အစောပိုင်းကဖြစ်ပွားခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုမှ မောင်းထုတ်ခံခဲ့ရသည့် လူတစ်ဦးက မော်တော်ကားကိုမောင်းနှင်ပြီးနောက် လူအုပ်အတွင်းသို့ ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။ ဒဏ်ရာရရှိသူများအနက် အနည်းဆုံးခုနစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း သိရသည်။

မော်တော်ကားသည် လူအုပ်အတွင်းသို့ ဝင်တိုက်ပြီးနောက် ပလက်ဖောင်းပေါ်၌ ထိုးရပ်သွားစဉ် လူအုပ်အတွင်းရှိ အမျိုးသားတစ်ဦးက မော်တော်ကားယာဉ်မောင်းအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ လက်ရှိတွင် ယာဉ်မောင်း၏အခြေအနေကို အတိအကျမသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားထားသည်။ **Ref: Abc**

IS အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟုယူဆရသူ လူ ၁၅၃ ဦးကို တူကီယဲ ဖမ်းဆီးထိန်းသိမ်း

တူကီယဲအစိုးရသည် IS အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟုယူဆရသူ လူ ၁၅၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တူကီယဲတရားရေးဝန်ကြီးအလီယာလီကာယာက ဇူလိုင်လ ၁၈ ရက်တွင် ကြေညာသည်။

တူကီယဲလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၂၈ ခုအတွင်း၌ ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း လုပ်ဆောင်ခဲ့သည့် စီးနင်းမှုများတွင် စစ်သွေးကြွဝင်များဟု ယူဆရသူများအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူများတွင် IS အကြမ်းဖက်အဖွဲ့အတွက် ငွေကြေးထောက်ပံ့ပေးခြင်းနှင့် မီဒီယာပေါ်တွင် ဝါဒဖြန့်ချိပေးခဲ့သူများပါဝင်ကြောင်းသိရသည်။

တူကီယဲအစိုးရသည်ယခုလအစောပိုင်းကလည်း IS အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်များကို အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား နယ်စပ်ဒေသတွင်ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်၊ တူကီယဲလုံခြုံရေးအဖွဲ့ဝင်များသည် အဆိုပါရှာဖွေဖမ်းဆီးမှုများကို တူကီယဲနှင့်ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **Ref: IV**


အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၁၈ ဦးသေဆုံး

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၁၈ ဦးသေဆုံးသွားကြောင်း ဒေသတွင်းမီဒီယာများကဖော်ပြသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းရှိဒေသအများအပြားတွင် ပြီးခဲ့သည့် ရက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး အွတ်တာပရာဒေ့ရှ်နှင့် ရာဂျက်စတန်ပြည်နယ်တို့၌ ဇူလိုင်လ ၁၉ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူသေဆုံးမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အချို့ကျေးရွာများမှာ ကျန်ဒေသများနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း၊ နိုင်ငံအတွင်း၌လာမည့်ရက်ပိုင်းအတွင်း မိုးများ ဆက်လက်သည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနကသတိပေးချက်များ ထုတ်ပြန်ထားသည်။ **Ref: Xinhua**

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ပြီး အလှူဒါနပြု အမျှပေးဝေခြင်းအခမ်းအနားကျင်းပ



ရန်ကုန် ဇူလိုင် ၁၉

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီမိနစ် ၄၀ တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမပထမထပ်ရှိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါ်နုမြ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကော်မတီဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်းဒေသကြီးသန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဏဂုဏ်တော်မူသည့် မေတ္တာသုတ် အစချီသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

အခမ်းအနားအပြီးတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာနေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျံကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိမလဘုဒ္ဓိမဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဏဂုဏ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိစက္ခဏမထေရ်မြတ်ထံမှ သံဝေဂကထာတရားနာကြားပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းလောင်းအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။


မြဝတီ


အထူးမိုးလေဝသ သတင်း


အားကောင်းသောအပူပိုင်းမုန်တိုင်း “ဝီဖာ”(WIPHA) အနောက်ဘက်သို့ရွေ့လျားနိုင်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့ည‌နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း “ဝီဖာ”(WIPHA) သည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများမှ တစ်ဆင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့်လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင်လ ၂၁ ရက်မှ ၂၆ ရက်မှအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။







သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မမွေအပ်နိုင်သည့် ၁၉ ဇူလိုင် အာဇာနည်နေ့တွင် ပြည်သူများပြောကြားသည့် အမှတ်တရရင်တွင်းစကားသံများ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ကိုယ်ကျိုးမငဲ့ဘဲ နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့၏ နိုင်ငံနှင့်လူမျိုးအတွက် ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့မှုများကို ပြည်သူလူထုတစ်ရပ်လုံး၏ရင်ထဲတွင် အမြဲအမှတ်တရရှိနေစေရန်နှင့် အစဉ်အဆက်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ အတုယူလိုက်နာနိုင်စေရန် အာဇာနည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် (၇၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တို့သို့လာရောက်ကြသည့် ပြည်သူများ၏ အမှတ်တရရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။



အမျိုးသားပြတိုက်(ရန်ကုန်)
လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မိမိလေး

(၇၈) နှစ်မြောက် အာဇာနည်နေ့မှာ အများပြည်သူကို အမြဲအမှတ်တရရှိစေဖို့နဲ့ အသိပညာဗဟုသုတတွေရရှိစေဖို့ ရည်ရွယ်ပြီး အမျိုးသားပြတိုက်ကိုဖွင့်လှစ်ပေးတာဖြစ်ပါတယ်။ ပြတိုက်ပိုင်းဆိုင်ရာမှာ ပြကွက်သုံးကွက်နဲ့ ခင်းကျင်းပြသပါတယ်။ ပြကွက်(၁)အဖြစ် ပြတိုက်ရဲ့ အတက်လမ်းမှာ နတ်မောက်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၊ ရန်ကုန်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဗိုလ်ချုပ်ရဲ့ ကျောင်းသားဘဝ၊ နိုင်ငံရေးဘဝ၊ ဗိုလ်ချုပ်ကျဆုံးခဲ့တဲ့ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၊ ဗိုလ်ချုပ်ကျဆုံးချိန်မှာ ကျန်ရှိခဲ့တဲ့ပစ္စည်းတွေ စတဲ့ ပြကွက်ပေါင်း ၃၀ ကို All in one board တွေနဲ့ပြသထားပါတယ်။

ပြကွက်(၂)အဖြစ် ပြတိုက်ရဲ့အထွက်လမ်းမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့မှတ်တမ်းဓာတ်ပုံတွေ၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တွေ သွေးသစ္စာဆိုခဲ့တဲ့ မှတ်တမ်းဓာတ်ပုံတွေ၊ ဗိုလ်ချုပ်အောင်ဆန်းဝတ်ဆင်ခဲ့တဲ့ အဝတ်အစားမှတ်တမ်းဓာတ်ပုံတွေကို Permanent Board ပေါ်မှာ UV Sticker Vinyl တွေနဲ့ ပြသထားပါတယ်။

ပြကွက်(၃)မှာတော့ IT နည်းပညာနဲ့ ဖန်တီးပြသထားတဲ့ သမိုင်းဝင်မြန်မာ့ရေတပ် မေယုစစ်သင်္ဘော်ရဲ့မှတ်တမ်းဓာတ်ပုံတွေ၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းရှိ ဗိုလ်ချုပ်တို့နောက်ဆုံးပြုလုပ်ခဲ့တဲ့အစည်းအဝေးခန်းမ မှတ်တမ်းပြကွက်တွေကို ပြသထားပါတယ်။

ဒေါ်ငုကေခိုင်
(အနော်မာအနုပညာအဖွဲ့)

(၇၈) နှစ်မြောက် အာဇာနည်နေ့မှာ ခင်းကျင်းပြသမှုအနေနဲ့ ပထမဆုံးပါလီမန်အခင်းအကျင်း၊ ပါလီမန်မှာ လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်ဓာတ်ပုံမှတ်တမ်းတွေ၊ လွှတ်တော်ရဲ့ခန်းမ စတာတွေ၊ ရှေးဟောင်းအဆောက်အအုံရဲ့အနုပညာလက်ရာတွေကိုလေ့လာဖို့ဆိုရင် ဗိုလ်ချုပ်တို့ကျဆုံးပြီးပြီးချင်း တည်ဆောက်ခဲ့တဲ့ ကျောက်တိုင်ရှေ့ကနေ ဖြတ်ပြီးတော့ အဆောက်အအုံရဲ့ တောင်ဘက်ခြမ်းကို



သွားရပါမယ်။ လျှောက်လမ်းမှာတော့ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးရဲ့ မှတ်တမ်းမှတ်ရာတွေကို ပြသထားပါတယ်။ ဗိုလ်ချုပ်တို့လုပ်ကြံခံရတဲ့ရုံးခန်းနဲ့ ဗိုလ်ချုပ်တို့လုပ်ကြံခံရစဉ် ကျန်ခဲ့တဲ့ပစ္စည်း ၂၈ မျိုးကိုပြသထားပါတယ်။

ဦးစိုးလွင်

ဦးကတော့ ဗိုလ်တထောင်မြို့နယ်မှာနေတာပါ။ လွတ်လပ်ရေးရအောင် ကြိုးပမ်းပေးခဲ့တဲ့ ခေါင်းဆောင်ကြီးတွေရဲ့ လုပ်ဆောင်ချက်တွေ၊ အာဇာနည်နေ့



ဖြစ်ပေါ်လာရတဲ့အကြောင်းတွေကို ဦးတို့မြေးလေးတွေသိရအောင် လာရောက်ပြသပေးတာပါ။ အခုလိုလာရောက်လေ့လာတဲ့အတွက် အာဇာနည်ခေါင်းဆောင်ကြီးတွေ လွတ်လပ်ရေးရအောင် ဆောင်ရွက်နေရင်း လုပ်ကြံခံရတာတွေကို အသေးစိတ်သိရှိနိုင်မယ်။ ခေါင်းဆောင်ကြီးတွေရဲ့သမိုင်းကြောင်းကို တိတိကျကျလေ့လာသိရှိရပါတယ်။

ဦးနေဇာလင်း

ကျွန်တော်က လှိုင်မြို့နယ်ကနေလာရောက်တာပါ။ အခုလိုလာရောက်လေ့လာဖြစ်တဲ့အတွက် ညီငယ်၊ ညီမငယ်တွေကို အာဇာနည်နေ့နဲ့ပတ်သက်ပြီး ရှင်းပြလို့ရတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂါရဝပြုတဲ့အခါမှာတော့ စိတ်မကောင်းခြင်းတွေ၊ ဝမ်းနည်းခြင်းတွေဖြစ်မိပါတယ်။ နိုင်ငံလွတ်လပ်ရေးရအောင်ဆောင်ရွက်ပေးခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဖြစ်တဲ့အတွက်



လည်း လေးစားအားကျမိပါတယ်။ ဗိုလ်ချုပ်တို့အစည်းအဝေးလုပ်နေတုန်း လုပ်ကြံသူတွေတက်လာတဲ့နေရာ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ သေနတ်ထိမှန်ခဲ့တဲ့နေရာတွေအပြင် ခေတ်နဲ့လျော်ညီစွာ သူတို့အသုံးပြုခဲ့တဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလေ့လာရတဲ့အတွက်လည်း ဗဟုသုတတွေရရှိပါတယ်။

မောင်ကောင်းထူးသစ်
အ.ထ.က(၁) မှော်ဘီ

သားတို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်



ကို လာရောက်လေ့လာတာကတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမိုင်းကြောင်းတွေကိုသိချင်လို့ပါ။ သားတို့ကျောင်းက ကျောင်းသား၊ ကျောင်းသူ ၇၅ ဦး လာရောက်လေ့လာတာပါ။ ဆရာမတွေကလည်း သေချာရှင်းပြပါတယ်။ လာရောက်လေ့လာတဲ့ပြည်သူတွေလည်းများတယ်။ အခုလိုလေ့လာခွင့်ရတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံရေးသမိုင်းကြောင်းအပါအဝင် ဗိုလ်ချုပ်ရဲ့အိမ်တွင်းမှုလုပ်ငန်းတွေ၊ ဗိုလ်ချုပ်အသုံးပြုခဲ့တဲ့ပစ္စည်းတွေကို သေချာလေ့လာခွင့်ရခဲ့ပါတယ်။

ဒေါ်နီလာလင်းလင်းနိုင်

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို ကလေးတွေ မရောက်ဖူးတဲ့အတွက် လိုက်ပို့တာပါ။ ဒီမှာလေ့လာတဲ့အခါမှာ အရင်ဆုံး ဗိုလ်ချုပ်အောင်ဆန်းစီးတဲ့ ကားကိုတွေ့တော့ အရမ်းဝမ်းနည်းရပါတယ်။ အဲဒါပြီးတော့ ဗိုလ်ချုပ်ထိုင်နေတဲ့ ပုံကိုတွေ့ရတဲ့အခါ သက်ရှိထင်ရှားရှိသလိုခံစားရပါတယ်။ ဒီနှစ်လာလေ့လာတဲ့အထဲမှာ အနယ်နယ်အရပ်ရပ်က လာရောက်လေ့လာသူတွေ၊ ကလေးသူငယ်



တွေနဲ့ကျောင်းသား၊ ကျောင်းသူလေးတွေများပါတယ်။ အခုလို လာရောက်လေ့လာတဲ့အတွက် ကလေးတွေလည်း ကြိုးစားချင်စိတ်ရှိလာမယ်လို့ ယုံကြည်ပါတယ်။

ဆရာမ ဒေါ်ဝင်းဝင်းမာ

ကျွန်မနာမည်က ဒေါ်ဝင်းဝင်းမာပါ။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(မှော်ဘီ)ကပါ။ အတုယူလေးစားထိုက်တဲ့ ဗိုလ်ချုပ်လိုခေါင်းဆောင်ကောင်းတွေ တို့နိုင်ငံမှာရှိခဲ့တယ်။ ဗိုလ်ချုပ်လို စိတ်ဓာတ်မျိုးတွေရှိလာအောင် အတုယူ



စေချင်လို့ ကျောင်းသား၊ ကျောင်းသူတွေကို ခေါ်လာတာပါ။ လူငယ်တွေ ဗဟုသုတအများကြီးရပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေက ဒီလိုကြိုးစားခဲ့တယ်။ ငါတို့လည်း နောင်တစ်ချိန်မှာ ဒီလိုခေါင်းဆောင်တွေလို ကြိုးစားရမယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေ ရှိစေချင်တယ်။

ဦးမျိုးနွယ်

ကျွန်တော် ကျောင်းသားဘဝက ဆရာမတွေလိုက်ပို့ဖူးလို့ အဲဒီအချိန်ကတည်းက ရင်ထဲမှာခံစားရပါတယ်။ နှစ်စဉ် အာဇာနည်ဗိမာန်ကို လာရောက်ဂါရဝပြုဖြစ်ပါတယ်။ တစ်နှစ်မှ မပျက်ကွက်ခဲ့ပါဘူး။ အာဇာနည်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နဲ့ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တို့ကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။ လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်မျိုးရှိစေချင်ပါတယ်။



အာဇာနည် ခေါင်းဆောင်ကြီးတွေလို ပုဂ္ဂိုလ်မျိုးတွေ ပေါ်ထွက်နိုင်ပါစေလို့ ဆုတောင်းပေးနေပါတယ်။

မခင်ဘုန်းမြတ်
အ.ထ.က(၁) ဗဟန်း

သမီးက အ.ထ.က (၁)(ဗဟန်း) Grade-11 ကပါ။ ဒီနေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နဲ့အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)ကိုလည်းလေ့လာခဲ့တယ်။ ဗိုလ်ချုပ်တို့ကျဆုံးချိန်မှာ အသုံးပြုခဲ့တဲ့ပစ္စည်းတွေ၊ ဗိုလ်ချုပ်စီးခဲ့တဲ့ကား၊ အစည်းအဝေးခန်း၊



ဗိုလ်ချုပ်ရဲ့မိသားစုအကြောင်းတွေကို လေ့လာခဲ့ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးသွားတဲ့အတွက် နှမြောဝမ်းနည်းမိပါတယ်။ ကျောင်းသားလူငယ်တွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို စံနမူနာထားပြီး အတုယူသင့်ပါတယ်။ ဗိုလ်ချုပ်က စာဖတ်ဝါသနာပါတယ်။ ဓွဲလုံလဝီရိယရှိတယ်။ စည်းစနစ်တကျရှိတယ်။ ကြိုးစားမှုလည်းရှိတဲ့အတွက် လူငယ်တွေအနေနဲ့ အားကျအတုယူသင့်ပါတယ်။

သတင်းအဖွဲ့(ရန်ကုန်)

သဘာဝအာဝစိမ့် အရသာထူး ဒိတ်ရွှင်ကြည်နူး ....

ရွှေဝီဥး

ရွှေဝီဥး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ဂုဏ်ခဲသည့် ရွှေဝီဥး

Black Tea



Tea Mix

Lemon Tea



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA

CABLE & WIRE



COPPER 99.99%

ISO 9001:2008 Cert. No.683099

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၁၀၀၁၈၉၆၂

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

SMART®

GENTLEMEN FASHION

















Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

AVAILABLE SERVICES

- Inland Container Depot
- Warehouse Service
- Customs Freight Station Service
- Trucking Service
- Logistic Service
- Multi-modal Transportation Services



LPM

LANN PYI MARINE

COMPANY LIMITED

No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၂ ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်းလိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချို မြို့တို့ကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင်လ ၁၇ ရက်နေ့တွင် TNLA၊ DPLA နှင့် MDY-PDF အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် DPLA နှင့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင်လည်း DPLA အဖွဲ့မှအမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၁၂ ဦးတို့သည် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၁ ခု၊ MA-1 အမျိုးအစားသေနတ် ၁ လက်တို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့သည်။ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာတောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏အနောက်ဘက် ၁၀ မိုင်ခန့် အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ပြီးသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့်ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်း မရှိတော့သည့်အတွက် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် နောင်ချိုမြို့နယ်၊ ဆရာအေးကုန်းကျေးရွာ၊ ထိုမှတစ်ဆင့် ကျောက်တောကျေးရွာ၊ ၎င်းမှတစ်ဆင့် လယ်ကြီးတောကျေးရွာ၊ အင်းဝိုင်းကျေးရွာများသို့ အဆင့်ဆင့်ထွက်ခွာလာခဲ့ပြီး ညောင်ထောက်ကျေးရွာသို့ ရောက်ရှိစဉ်အဆိုပါကျေးရွာအနီး လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်၌ ပြုလုပ်ရာ တပ်နယ်မှတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူ တစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်၊ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်များက ၎င်းတို့နှင့်အတူ ယူဆောင်လာသည့် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၁ ခု၊ MA-1 အမျိုးအစားသေနတ် ၁ လက်တို့ကိုအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သေနတ် ၁၃ လက် အတွက် ဆုကြေးငွေကျပ်သိန်း ၆၅၀ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော် DPLA ကို ရောက်ရှိလာရတဲ့ အဓိကအကြောင်းရင်းကတော့ သူတို့အဖွဲ့ကနေပြီးတော့ တစ်အိမ်တစ်ယောက် မဖြစ်မနေ မဝင်မနေရဆိုပြီး အတင်းအဓမ္မ စုဆောင်းခံရလို့ ကျွန်တော်တို့ရောက်ရှိလာရခြင်းဖြစ်ပါတယ်။ ဒီအဖွဲ့ထဲမဝင်လို့ ရှိရင် မိသားစုတွေကိုသတ်ဖြတ်မယ်။



ကျွန်တော်တို့ဆွေမျိုးတွေကို ဒုက္ခပေးမယ်ဆိုပြီး ခြိမ်းခြောက်လို့ ဝင်ရောက်လာရတာဖြစ်ပါတယ်ခင်ဗျ။ ပလောင်တွေအနေနဲ့ ကျွန်တော်တို့ လူမျိုးရေးခွဲခြားဆက်ဆံခံရတာကိုလည်း ကြုံတွေ့ခဲ့ရတယ်ခင်ဗျ။ ဒီသင်တန်းအတွင်းမှာလည်း အစားအသောက်တွေ အနေအထိုင်တွေကိုလည်း ဆင်းဆင်းရဲရဲနဲ့ နေထိုင်စားသောက်ခဲ့ရတယ်။ ဒီသင်တန်းပြီးလို့ ရှေ့တန်းကိုပို့တဲ့အခါမှာလည်း ကျွန်တော်တို့ကို ရှေ့ကနေတိုက်ခိုင်းတယ်။ သူတို့က နောက်မှာပဲနေတယ်ဗျ။ ကျွန်တော်တို့က ဆုတ်ခွာလာခဲ့ရင်တောင် သူတို့ကပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်ဗျ။ လက်နက်အင်အားမမျှလို့ ဆုတ်ခွာတဲ့အခါမှာလည်း တကယ်တမ်း ပစ်သတ်ခဲ့တာတွေကို ကျွန်တော်တို့ မျက်မြင်ကြုံတွေ့ခဲ့ရတယ်။ တပ်မတော်ကနေပြီးတော့ အင်အားအလုံးအရင်းနဲ့ တိုက်လာတဲ့အခါမှာ စိတ်ဓာတ်အရမ်းကျတယ်။ အဲဒါကြောင့် ကိုယ့်အသက်ကို မသေအောင်ဆိုပြီးတော့ ပုန်းအောင်းပြီးတော့လည်းနေတယ်။ နေရတာလည်း နေရခက်တယ်ဗျ။ အခုအချိန်မှာဆိုရင် လူအင်အား လက်နက်အားမမျှတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ လူကြီးတွေကို တပ်မတော်သားတွေကို အများကြီးသတ်ဖြတ်ခဲ့ပြီး လက်နက်ခဲယမ်းတွေအများအပြား သိမ်းဆည်းရရှိခဲ့တယ်လို့ လိမ်ညာပြီး တင်ပြခဲ့တာလည်းရှိခဲ့တယ်ဗျ။ နောင်ချိုကျရင် ကျွန်တော်တို့ကိုသတ်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် ဒီတပ်မတော်ထဲကို ဝင်ရောက်ပြီးတော့ အလင်းဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ တပ်မတော်သားတွေကို သူတို့အဖွဲ့ထဲသို့ အလင်းဝင်မယ်ဆိုရင် ငွေကြေးတွေလည်း ထောက်ပံ့ပေးမယ်ဆိုပြီးပြောခဲ့ပါတယ်။ တကယ်တမ်းလက်တွေ့မှာကျတော့ လက်နက်တွေယူပြီးတော့ လူတွေကိုညှဉ်းပန်းနှိပ်စက်တာတွေလည်းတွေ့ခဲ့တယ်ခင်ဗျ။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာတဲ့အခါမှာ မည်ညှဉ်းပန်း မနှိပ်စက်ဘဲနဲ့ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် ဝမ်းသာမိပါတယ်ခင်ဗျ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တိုက်ပွဲတွေတိုက်ခိုက်ခဲ့တဲ့အချိန်မှာ ပြည်သူတွေရဲ့ ပစ္စည်းတွေအများအပြား ပျက်စီးဆုံးရှုံးခဲ့ရတာတွေရှိခဲ့တယ်။ စိုက်ပျိုးသီးနှံတွေ ပျက်စီးခဲ့တာတွေလည်းရှိခဲ့တယ်။ အဲဒီအတွက်လည်း ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ ဒီနေရာကပဲ ခွင့်လွှတ်ပေးပါလို့တောင်းပန်ချင်ပါတယ်။ ကျွန်တော်တို့ တောင်ခမ်းနဲ့နောင်ချိုကြားမှာရှိတဲ့ပြည်သူတွေအိမ်မှာ ခေတ္တခဏဝင်နေတဲ့အချိန်မှာ သူတို့တွေက ပြည်သူပစ္စည်းတွေကို လုယက်တာတွေ၊ မတရားယူတာတွေကို တွေ့ခဲ့ရတယ်ခင်ဗျ။ ကျွန်တော့်အနေနဲ့ ဒီအဖွဲ့ရဲ့လုပ်ရပ်တွေကို တဖြည်းဖြည်းနဲ့ ရွံရှာစက်ဆုပ်မိတယ်ဗျ။ အဲဒါကြောင့် ဒီအဖွဲ့ကနေထွက်ပြီးတော့ မြန်မာ့တပ်မတော်ထံကိုအလင်းဝင်လာရခြင်းဖြစ်တယ်ဗျ။ ကျွန်တော်တို့ရောက်လာတာ နောက်ကျတဲ့အတွက် နောင်တရမိပါတယ်ဗျ" ဟုပြောသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၆၅	၃၀၇၅	၃၀၄၅	၂၉၇၅	၃၀၈၅	၃၁၀၀	၃၁၁၅	၃၀၉၅	၄၅၀၅	၃၄၂၅	၃၀၅၀	၃၀၅၅	၃၁၂၀	၃၀၈၅	၃၁၁၀	၃၃၆၅
95 Ron	၃၀၂၀	၃၁၃၅	၃၁၀၀	၃၀၃၅	၃၁၄၀	၃၁၅၅	၃၁၇၀	၃၀၉၀	၄၅၆၀	၃၃၈၅	၃၁၀၅	၃၁၀၀	၃၁၈၀	၃၁၄၀	၃၁၆၅	၃၃၄၅
HSD (500 ppm)	၂၆၈၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈၂၀	၂၈၄၀	၂၇၆၀	-	၃၀၅၀	၂၇၇၅	၂၇၇၅	၂၈၄၅	၂၈၀၀	၂၈၃၅	၃၀၆၀
HSD (50 ppm)	၃၃၃၀	၃၄၅၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	၄၈၃၀	၃၆၆၅	၃၄၂၀	၃၄၂၀	၃၄၆၀	၃၄၅၅	၃၄၈၀	၃၇၃၅
HSD (10 ppm)	၃၃၃၀	၃၄၅၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	-	၃၆၆၅	၃၄၂၀	၃၄၂၀	၃၄၆၀	၃၄၅၅	၃၄၈၀	၃၇၃၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၉၅	၂၈၀၄
95 Ron	၂၈၄၉	၂၉၄၀
HSD (500 ppm)	၂၅၂၇	၂၆၀၇
HSD (50 ppm)	၃၁၂၀	၃၂၄၄
HSD (10 ppm)	၃၁၂၂	၃၂၄၄

နိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၄၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ခဲသတ္ထုများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ၎လိုင် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **၎လိုင်လ ၁၇ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ်၊ ကရိုင်တိုင်ကျေးရွာရှိမြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ခဲသတ္ထု (၁ ဒသမ ၇၂၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၀၀၀၀)နှင့် အဆိုပါခဲသတ္ထုများတင်ဆောင်လာသည့် Forland Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၈၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရ လည်းကောင်း၊ ကော့သောင်းမြို့နယ်၊ ဘရီးကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်လှေ (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာ၌ တရားမဝင် မီးသွေး(၇ ဒသမ ၁၄၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၃၀၀)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၂၅၇၃၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **၎လိုင်လ ၁၇ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ်၊ ကရိုင်တိုင်ကျေးရွာရှိမြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ခဲသတ္ထု (၁ ဒသမ ၇၂၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၂၀၀၀၀၀)နှင့် အဆိုပါခဲသတ္ထုများတင်ဆောင်လာသည့် Forland Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၈၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ်၊ ဘရီးကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်လှေ (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာ၌ တရားမဝင် မီးသွေး(၇ ဒသမ ၁၄၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၃၀၀)နှင့် အဆိုပါသစ်တော်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၂၅၇၃၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **၎လိုင်လ ၁၇ ရက်နှင့် ၁၈ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် လွင်မိုးတိုက်ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၉)မျိုးစားသောက်ကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **၎လိုင်လ ၁၇ ရက်နှင့် ၁၈ ရက်** တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီမြို့၊ မီးနင်းချောင်းဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၃၂၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၅၇၂)တန်၊ သစ်မာ (သုည ဒသမ ၈၈၂)တန်၊ အခြားသစ် (၆ ဒသမ ၁၄၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၁၆၈၇)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၇၃၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **၎လိုင်လ ၁၈ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၆၈၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၆၄၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည် နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ နမ့်လွတ်ကျေးရွာအနီး၊ မယ်ယန်း-စံဖူးလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၅၂၀၀)ကို လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ မလိပါကောရွာအနီး၊ ဝေလေးလန် - မလိပါကော - မိုင်းကိုးလမ်းဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၆၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်-ကျိုင်းတုံ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၈၁၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၉၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၃၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၅၈၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀)ကို လည်းကောင်း၊ ဝေါမြို့၊ အဗျားဘိုတဲကျေးရွာအနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၀၃၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး၊ Nidi Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၀၃၉၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **၎လိုင်လ ၁၈ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၀) စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၃၅) စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ၎လိုင်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၈၃၀၃၇၀)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုရှိ၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

ပျောက်ဆုံးကြောင်း

မတင်မာချို(ဘ)ဦးကျော်တင့် ၃/ဖပန(နိုင်) ဝဟ့စင့ဘ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 917168)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၅၃၃၉၉

ပျောက်ဆုံးကြောင်း

ဦးဝင်းသန်းထွဋ်(ဘ)ဦးမောင်ညိမ်း ၁၀/ခဆန(နိုင်)ဝဖဂ၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၅၅၇၆၇၁၆

ပျောက်ဆုံးကြောင်း

မတင်တင်ခိုင်(ဘ)ဦးအောင်ကြည် ၁၀/ခဆန(နိုင်)ဝဖဂ၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၅၅၇၆၇၁၆

ပျောက်ဆုံးကြောင်း

နန်းသင်းသင်းအေး(ဘ)ဦးစောချစ်ရင် ၃/ဘအန(နိုင်) ၂၃၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 770240)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၅၃၃၉၉

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ မုက္ကလကျေးရွာနေ မောင်အောင်မျိုးကျော်(ဘ)ဦးချစ်ဝေ ၇/ပခန(နိုင်)၃၆၃၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(M 663248)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

ပျောက်ဆုံးကြောင်း

မောင်ဝင်းဦး(ဘ)ဦးကိုရင်း ၁၃/ဟပန(နိုင်) ဝ၈၀၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဦးဝင်းသန်းထွဋ်(ဘ)ဦးမောင်ညိမ်း ၁၀/ခဆန(နိုင်)ဝဖဂ၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၅၅၇၆၇၁၆

ပျောက်ဆုံးကြောင်း

တေဇာထွေး(ဘ)ဦးတင်ထွေး ၁၀/မလမ(နိုင်) ၁၈၄၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၀၇၆၆၁၄၈

ပျောက်ဆုံးကြောင်း

ခင်သက်ရီ(ဘ)ဦးစံညိမ်း ၁၀/မဒန(နိုင်) ၁၇၈၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၁၅၆၆၃

ပျောက်ဆုံးကြောင်း

အောင်ကောင်းခန့်(ဘ)ဦးအောင်လွင် ၁၀/ခဆန(နိုင်)၁၃၀၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၆၄၉၅၂၀

ပျောက်ဆုံးကြောင်း

မောင်ထွန်းထွန်း(ဘ)ဦးထွန်းအေး ၁၂/မရက(နိုင်)၁၄၇၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၄၈၀၃၃

ပျောက်ဆုံးကြောင်း

ဖြိုးဝတ်ရည်ကျော်(ဘ)ဦးအေးကျော် ၁၂/ဥကတ(နိုင်)ဝဖဂ၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မောင်ဟိန်းမင်းထက်(ဘ)ဦးဝင်းမင်း ၁၂/ကတတ(နိုင်)၀၃၁၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၀၄၉၆၄၄

ပျောက်ဆုံးကြောင်း

မည်ချောခ(ဘ)ဦးကိုရင်း ၁၃/ဟပန(နိုင်) ဝ၈၀၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

သက်ငံဖူး(ဘ)ဦးထွန်းထွန်းဦး ၁၂/မရက(နိုင်)၁၅၅၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မန္တယ်နွယ်အောင်(ဘ)ဦးတင်ဆန်း ၁၂/ဥကမ(နိုင်) ၂၃၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၅၅၇၆၇၁၆

ပျောက်ဆုံးကြောင်း

ခိုင်သန္တာလွင်(ဘ)ဦးဝင်းမြင့် ၇/ဇကန(နိုင်) ဝ၇၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၅၅၇၆၇၁၆

ပျောက်ဆုံးကြောင်း

မရတီခင်(ဘ)ဦးမြဇော်ဦး ၁၀/မလမ(နိုင်) ၂၆၅၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ-၇ လမ်း၊ အမှတ်(၈၁၁)နေ (ဘ)ဦးနိုင်ဝင်း ၁၂/ဥကတ(နိုင်) ၁၄၅၅၆၈၄ - (မိ)ဒေါ်ခင်သန်းမူ ၈/မထန(နိုင်)၀၇၄၈၉၄ ကိုင်ဆောင်သူတို့၏သားဖြစ်သူ မောင်ဟိန်းထက်ဖြိုး ၁၂/ဥကတ(နိုင်)၂၀၁၆၃၄ သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ (၁၄-၇-၂၀၂၅)နေ့တွင် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။

ဦးနိုင်ဝင်း - ဒေါ်ခင်သန်းမူ

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

''ကျွန်ုပ်သည် မြင်းရထားလည်း မရှိ၊ ခရီးသွားဖော်လည်း မရှိဘဲ အထုပ်ကလေးကို ထမ်းလျက် စစ်ကိုင်းမြို့ဘက်သို့ သွားသောလမ်းအတိုင်း လိုက်လာခဲ့လေ၏။ အချိန်မှာ နေဝင်ပြီဖြစ်၍ အလင်းရောင်လောက်သာ ကျန်ပါတော့သည်။ ဆင်များရှင်ဘုရားသို့ရောက်သောအခါ လူတစ်စုသည် ဘုရားထဲမှဖြတ်၍ ကျောင်းနှင့်တူသောအဆောက်အဦဆီသို့ သွားကြသည်ကိုမြင်သဖြင့် သူတို့နောက်မှ လိုက်သွား၏ . . .''

ယမန်နေ့မှအဆက်

စာမူစွဲပါ၏

ဂျပန်ခေတ်၌ တောင်ရောက်မြောက်ရောက် ထွက်ပြေးတိမ်းရှောင်ကြသူများသည် တစ်ခါတစ်ရံတွေ့ဆုံကြရသောအခါ ဝမ်းသာကြမြဲဖြစ်သည့်အတိုင်း ကျွန်ုပ်မှာလည်း ငယ်သူငယ်ချင်းဒေါ်စုနှင့် သားသမီးများအား တွေ့ဆုံကြရခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ဝမ်းသာကြရခြင်းမှာ ကွဲရာမှ ပြန်တွေ့ကြရခြင်းကြောင့်သာမဟုတ်။ ဘေးအန္တရာယ်များသော အချိန်အခါဖြစ်၍ မသေဘဲ အသက်ရှင်လျက်တွေ့ကြရခြင်းအတွက်ပါ ဝမ်းသာကြရခြင်းဖြစ်လေသည်။ တစ်ယောက်နှင့် တစ်ယောက် တွေ့ကြရသည့်အခါ နှုတ်မှဖွင့်၍မပြောကြသော်လည်း 'ဩော် တော်ပါသေးတယ်၊ ရှိသေးရဲ့ကိုးနော်'ဟု စိတ်ထဲက အပြန်အလှန် အောက်မေ့တတ်ကြလေသည်။ ဦးလှတို့သည် ကျွန်ုပ်၏စာမူကို ရှောရှော၅၂၅ ဝယ်ယူလိုက်ကြသဖြင့်လည်း ဝမ်းသာရပါသေးသည်။ ထိုခေတ်တွင် စက္ကူအခက်အခဲဖြစ်တတ်သောကြောင့် ပုံနှိပ်ရိုက်ထုတ်ပါမည်ဆိုခြင်းအတွက် ဝမ်းသာရခြင်းဖြစ်ပါသည်။

လူအိုများ၏ အရသာ

ကြီးပြင်းလာသောအခါတွင် ကျောင်းနေဖက်သာမက တစ်တန်းတည်းအတူနေသူငယ်ချင်းများနှင့် တစ်ခါတစ်ရံတွေ့ဆုံရခြင်းသည် အရသာတစ်မျိုးရှိခြင်းကို ကြီးပြင်းအောင်နေကြရသူများသာ သိနိုင်ကြပေလိမ့်မည်။ ဦးထင်သည် ကျွန်ုပ်နှင့် တစ်တန်းတည်းအတူနေဆိုသော်လည်း သူ့အတွဲ ကိုယ့်အတွဲရှိကြ၍ သူနှင့် ကျွန်ုပ်မှာ ရင်ဘတ်မိတ်ဆွေများမဟုတ်ကြပေ။ ကျွန်ုပ်၏အတွဲများမှာ မောင်ရီ၊ စက်ခွေနှင့် ကိုဖေတို့ဖြစ်ကြလေရာ ကိုဖေမှာ ကျွန်ုပ်ထက် လေးငါးနှစ်ကြီး၍ ကိုဖေဟုခေါ်ရသော်လည်း မောင်ရီမှာမူ စက်ရှင်တရားသူကြီးဖြစ်လာသည့်တိုင်အောင် မောင်ရီ၊ ဖေသိန်းဟု ခေါ်ကြ၍ ငယ်စဉ်ကအတိုင်း မင်းနှင့်ငါနှင့် ပြောခဲ့ကြ၏။ ဒေါ်အမာ၏ဖခင် ဦးထင်နှင့်မူ ငယ်စဉ်က ဖေသိန်း၊ ဖိုးထင်ဟု ခေါ်ခဲ့ကြသော်လည်း ကြီးပြင်းလာသောအခါတွင် ဦးထင်၊ ဦးဖေသိန်းဖြစ်လာကြလေပြီ။ ဤသို့ခေါ်ဝေါ်ကြသူများမှာ ငယ်သူငယ်ချင်းပင်ဖြစ်သော်လည်း မောင်ရီ၊ ဖေသိန်းဟု ခေါ်ရခြင်းကဲ့သို့ ရင်းနှီးမှုမရှိ၍ အရသာလည်း လျော့သည်ထင်၏။ ကျွန်ုပ်အဖို့ရာ၌ ဤကဲ့သို့ အပြန်အလှန် ခေါ်ရသူမှာ မောင်ရီတစ်ယောက်သာရှိတော့၏။ စက်ခွေတစ်ယောက်ရှိနေသေးပါလျှင်လည်း စက်ခွေ၊ ဖေသိန်းပင် ခေါ်ကြမည်ဖြစ်သည်။ ဤအခေါ်အဝေါ်များသည် ငယ်စဉ်က ရင်းနှီးခဲ့ခြင်း၏ အဆင့်အတန်းကို ဖော်ပြ၏။ ဖိုးထင်သည် ယခုအခါ၌ ဦးထင်ဖြစ်လေရာ (နဂါးဒေါ်ဦးနှင့် လူထုဒေါ်အမာတို့၏ ဖခင်ဖြစ်နေသောကြောင့်) ဖိုးထင်ခေါ်၍လည်း လျောက်ပတ်ကောင်းမှ လျောက်ပတ်ပေမည်။ သူနှင့် တစ်ခါတစ်ရံ တွေ့ဆုံရသည်တွင် ကျောင်းသားဘဝက ရှေးဟောင်းနှောင်းဖြစ်များကို တစ်ယောက်တစ်လှည့် ပြန်ပြောင်းပြောနေကြသည့်အခိုက်တွင် ကျောင်းသားအရွယ်ကလေးများ ပြန်ဖြစ်သွားကြသည်နှင့် အရသာတစ်မျိုးပေတည်း။ လူငယ်များသည် ဤအရသာကို တွေ့ရှုံသာတွေ့နိုင်ကြပေမည်။ အတိအကျခန့်မှန်းရန် ခဲယဉ်းပေလိမ့်မည်။ ဦးထင်နှင့်သာမဟုတ်။ ဒေါ်စုနှင့် ရှေးဟောင်းနှောင်းဖြစ်များအကြောင်း ပြောရခြင်းမှာလည်း အရသာရှိပါဘိသည်။ ဒေါ်စုဟူ၍ ရေးသားသော်လည်း လက်တွေ့မှာ မစုဟူ၍ပင် ခေါ်သေးရာ သူကလည်း ကိုဖေသိန်းတစ်ခွန်း၊ မောင်ဖေသိန်းတစ်ခွန်း ခေါ်တုန်းပင်ရှိကြသည်။ ကျွန်ုပ်၏အသက်တာတွင် လင်ရောမယားပါ သူငယ်ချင်းဖြစ်ခဲ့ဖူးသည့် လင်မယားဆို၍ ဤတစ်စုံသာရှိပါ၏။ သို့ဖြစ်၍ ကပိုင်ရွာကလေး၌ ကျွန်ုပ်တည်းခိုနေထိုင်ခဲ့ရခြင်းမှာ မည်သည့်အရပ်၌ နေထိုင်ခဲ့ရဖူးခြင်းနှင့်မျှမတူ။ ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်ဌာနကဲ့သို့ အောက်မေ့နိုင်သည့်အပြင် ကျွန်ုပ်၏အသက်မှာလည်း အနှစ်သုံးလေးဆယ်ပြန်၍ငယ်သွားသည်ဟု ထင်မိပါသည်။ ငယ်လိုက်ကြပုံမှာ ဦးထင်၏သမက်မောင်လှနှင့် သမက်လောင်းမောင်နေဝင်းတို့နှင့်ပင် လူကြီးလူငယ်တစ်စုံစီတွဲ၍ ဘက်မင်တန် ကစားခဲ့ကြပါသေးသည်။

ပြန်မည့်နေ့၌ ဒေါ်စုက သရက်သီးများနှင့် မျှင်ငါးပိတစ်ပိသာ (နောက်တစ်ခေါက်တွင် ငွေတစ်ထောင်လည်းပေးပါပေသည်။) ပေးလိုက်ရာ စေတနာနှင့်ပေးခြင်းဖြစ်သော်လည်း ထိုပစ္စည်းများအတွက်ကြောင့် ကျွန်ုပ်ဒုက္ခရောက်ရပုံကို ဖော်ပြပါဦးမည်။ အပြန်ခရီးတွင် ကျွန်ုပ်သည် လာလမ်းအတိုင်းမဟုတ်ဘဲ မန္တလေးဘက်မှ လှည့်ပြီး စစ်ကိုင်း၊ ရွာထောင်ခရီးစဉ်အတိုင်း ပြန်လာခဲ့၏။ စစ်ကိုင်းသို့ရောက်သောအခါ ထိုမြို့မှာ အတော်ခြောက်ကပ်၍ သုံးအိမ်တစ်အိမ်၊ လေးအိမ်တစ်အိမ်မျှလောက်သာ လူနေကြ၏။ ကျွန်ုပ်သည် ရွာထောင်ဘူတာသို့ နေ့လယ်ခင်းတွင် ရောက်သွားရာ ရထားသည် ညနေငါးနာရီအချိန်တွင်မှ ထွက်မည်ဟု သိရ၏။ (ဤနေရာ၌ ကျွန်ုပ်၏ အစီအစဉ်အမှတ်အသား မှားယွင်းခြင်းကို သတိရလာလေပြီ။ ကပိုင်သို့ သွားသောအဖြစ် အပျက်မှာ ကျွန်ုပ်၏ဖခင် မကွယ်လွန်မီ ရထားလမ်းများကို ဂျပန်များ မဖျက်ဆီးမီက ဖြစ်ပါသည်။)

အခက်အခဲတစ်ခု

ရွာထောင်ဘူတာတွင် ကျွန်ုပ်သည် သရက်သီးများနှင့် မျှင်ငါးပိထုပ်ကို ထမ်းလျက် သစ်ပင်ရိပ်အောက်သို့ သွား၍ ညနေတိုင်အောင် စောင့်နေရ၏။ လေးနာရီလောက်တွင် ရွာသူများချက်၍ ရောင်းသည့် ထမင်းဟင်းကို ဝယ်စားရာ တောချက်နည်းချက်ထားသည့် ရေလွတ်ကြက်သားဟင်းနှင့် ချဉ်ပေါင်သနပ်ကြောင့် အမြိန်ဆုံးသောထမင်းတစ်နပ်တွင် အပါအဝင်အဖြစ်နှင့် မှတ်တမ်းတင်ထားရသည်။ ငါးနာရီထိုးခါနီးလတ်သော် ၁၀၀ ခန့်ရှိသော ခရီးသည်များသည် လှုပ်လှုပ်ရွရွဖြစ်လာကြလေပြီ။ ကျွန်ုပ် စုံစမ်းကြည့်သောအခါ ရထားမလာတော့ဘူးဟု ပြောသူကပြော၊ လာဦးမည်ဟု ပြောသူကပြော အမျိုးမျိုးဖြစ်နေကြလေပြီ။ ရထားအလုပ်သမားတစ်ယောက်အား မေးရာတွင် ''လာမှာပါဗျာ''ဟု ပြောသည်နှင့် စိတ်ချပြီး ထိုင်ခုံတစ်ခုပေါ်၌ အေးချမ်းစွာ ထိုင်နေလိုက်၏။ ခြောက်နာရီထိုးသော်လည်း ရထားမလာသေးဘဲရှိရာတွင် အလုပ်သမားကို မေးပြန်ရာ ''လာတော့ လာမှာပဲ၊ မိုးချုပ်လိမ့်မယ်''ဟု ပြော၏။ မိုးချုပ်ခြင်းသည် ကျွန်ုပ်အဖို့ အရေးမကြီး။ လာလျှင် တော်ပြီဟု အောက်မေ့၍ စိတ်အေးအေးပင် နေလိုက်၏။ ခုနစ်နာရီထိုးခါနီးတွင် တချို့ခရီးသည်များသည် စစ်ကိုင်းသို့ မြင်းရထားနှင့် ပြန်စပြုကြလေရာ ကျွန်ုပ်မှာ စစ်ကိုင်းမြို့ပေါ်တွင် အသိအိမ်တစ်အိမ်နှစ်အိမ်ရှိသော်လည်း အိမ်၌ လူရှိ၊ မရှိ မသေချာသောကြောင့် အလုပ်သမား၏ စကားအရ ပေပြီး စောင့်နေ၏။ လက်မှတ်ကား အစောကြီးက ဝယ်ထားပြီးလေပြီ။ သို့သော် လက်မှတ်ကြောင့် အရေးကြီးသည်ကား မဟုတ်ချေ။ ခုနစ်နာရီထိုးလတ်သော် ခရီးသည်လေးငါးယောက်မျှ ကျန်ရှိသေးသော်လည်း မြင်းရထားမူကား တစ်စီးမျှမရှိတော့ချေ။ ကျွန်ုပ်သည် အခြေအနေမလှသည့်အဖြစ်ကို မြင်၍ အလုပ်သမားအား နောက်ဆုံးအနေဖြင့် မေးကြည့်ရာ စက်ခေါင်းပျက်နေသောကြောင့် ရထားမလာတော့ဟု ပြောပါတော့သည်။

ဘယ်လိုလူကြီးပါလိမ့်

ကျွန်ုပ်သည် စိတ်အားငယ်စွာနှင့် အထုပ်ကလေးကို ထမ်းလျက် ကြောင်းကျန်နေသေးသော ခရီးသည်သုံးလေးယောက်တို့အား စုံစမ်းကြည့်ရာ ၎င်းတို့သည် စစ်ကိုင်းသို့ သွားမည်မဟုတ်။ မြောက်ဘက်နားရှိ ရွာကလေးသို့ ပြန်သွားကြမည်ဟု ပြောကြလေသည်။ ဂျပန်ခေတ် ဖြစ်၍ လူတိုင်း ချည်ကြမ်းလုံချည်ဝတ်ကြရသောကြောင့် ကျွန်ုပ်အား လေးစားလောက်သောလူတစ်ယောက်ဟု မထင်သည့်လက္ခဏာနှင့် ခပ်ပေါ့ပေါ့စကား ပြောကြသည်တွင် ကျွန်ုပ်သည် သူတို့နှင့် လိုက်လိုသည့်စိတ်ကူးကို ဖျက်၍ စစ်ကိုင်းသို့ ဖြစ်သည့်နည်းနှင့် သွားပြီးသင့်တော်ရာတွင် အိပ်ပါတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် မြင်းရထားလည်း မရှိ၊ ခရီးသွားဖော်လည်းမရှိဘဲ အထုပ်ကလေးကို ထမ်းလျက် စစ်ကိုင်းမြို့ဘက်သို့ သွားသောလမ်းအတိုင်း လိုက်လာခဲ့လေ၏။ အချိန်မှာ နေဝင်ပြီဖြစ်၍ အလင်းရောင်လောက်သာ ကျန်ပါတော့သည်။

ဆင်များရှင်ဘုရားသို့ ရောက်သောအခါ လူတစ်စုသည် ဘုရားထဲမှ ဖြတ်၍ ကျောင်းနှင့်တူသော အဆောက်အအုံဆီသို့ သွားကြသည်ကိုမြင်သဖြင့် သူတို့နောက်မှ လိုက်သွား၏။ ပိတ်ထားသော ဘုန်းကြီးကျောင်းတစ်ကျောင်းနှစ်ကျောင်းကို ကျော်လွန်သွားကြပြီးနောက် လူတစ်စုသည် အပေါက်ကြီးတစ်ခုထဲသို့ ဝင်သွားကြ၏။ ကျွန်ုပ်သည် အပေါက်ဝမှ ရပ်ကြည့်လိုက်သောအခါ ဂူကြီးသဖွယ် ကျယ်ဝန်းသော လိုဏ်ခေါင်းကြီးကို တွေ့ရ၍ မီးဖိုများနှင့် ချက်ပြုတ်နေကြသော လူနှစ်စုသုံးစုကိုမြင်ရ၏။ ဤလိုဏ်ဂူကြီးထဲတွင် အိပ်ဖို့နေရာတောင်းရလျှင် တော်လေမည်လောဟု အခြေအနေကို အကဲခတ်လျက်ရှိစဉ် မီးဖိုများအနီးမှ ကျွန်ုပ်အား လှမ်းကြည့်ကြသော လူများ၏ မျက်နှာထားများမှာ ကျွန်ုပ်အပေါ်၌ လိုလိုချင်ချင်ရှိပုံမရသည်နှင့် ဘာမျှမပြောဘဲ လှည့်၍ ပြန်လာခဲ့လေ၏။ **ဆက်လက်ဖော်ပြပါမည်။**

ကျောက်ပန်းတောင်းမြို့နယ် ဘဲများ(စီရင်စု)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကျောက်ပန်းတောင်းမြို့နယ် ဘဲများကျေးရွာအုပ်စု ဘဲများ(စီရင်စု)ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၁၈ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်နှင့်ဝန်ထမ်းများသည် ကျေးလက်ရေရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါမြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ်၂၇၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါရေရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ယင်းကျေးရွာရှိ အိမ်ထောင်စုဝင်များ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဆောက်အဦအား ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များတိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ⇨

ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေး

စာ - ၂၃ သို့